မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၂၅)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ စနေနေ့။

မှတ်သားဖွယ် မိုးရေချိန်များ

၁-၂-၂၀၁၃

ကျိုက်မရောမြို့	၁ ဒသမ ၀၂ လက်မ
ဘားအံမြို့	၀ ဒသမ ၅၀ လက်မ
ပဲခူးမြို့	၀ ဒသမ ၄၇ လက်မ

တိမ်အသင့်အတင့်

၂-၂-၂၀၁၃

နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံ ကုန်သည်ကြီးများအသင်းဆိုင်ရာ စီးပွားရေးဝန်ကြီးအားတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံ ကုန်သည်ကြီးများအသင်းဆိုင်ရာ စီးပွားရေးဝန်ကြီး H.E.Dr.Christoph Leitl အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နည်းပညာဆိုင်ရာကိစ္စရပ်များ လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြီးယားနိုင်ငံ ကုန်သည်ကြီးများအသင်းဆိုင်ရာ စီးပွားရေးဝန်ကြီး H.E.Dr.Christoph Leitl ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E.Dr.Johannes PETERLIK လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံ ရေရှည်တည်တံ့သော အကျိုးစီးပွားကိုမျှော်မှန်း၍ မျှတပြီး စစ်မှန်သော မိတ်ဖက်နိုင်ငံများအဖြစ် အပြန်အလှန် တည်ဆောက်ရေး၊ အပြန်အလှန်ယုံကြည်မှီခိုမှုကို အလေးထားရေး၊ အရည်အသွေးပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာရပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ပေးရေး၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံသို့ GSP ခံစားခွင့်များရရှိရေးတို့နှင့် စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ်လုပ်ငန်းစနစ်၊ ဘဏ္ဍာရေးနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များတွင် လျင်မြန်စွာပူးပေါင်းဆောင်ရွက်ရေးတို့ကို အသေးစိတ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ (သတင်းစဉ်)

ယနေ့ မာတိကာ

လူကောင်းတို့နှင့် ပေါင်းသင်းရခြင်းကြောင့် ကောင်းသောအလုပ်အကိုင်တို့ကို လုပ်ကိုင်လျက် ကောင်းကျိုးလိုအင်ဆန္ဒများလည်း ပြည့်ဝရရှိလာမည်ဖြစ် စာ - ၂

မာလာဂါနောက်တန်းလူ အာဆင်နယ်စာချုပ် စာ - ၁၂

ပီအက်စ်ဂျီနဲ့ ဒေးပစ်ဘက်ဟမ်းတို့ လက်တွဲကြ စာ - ၁၃

သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက် (၆/၂၀၁၃)
၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

၁။ KIO ဗဟိုကော်မတီမှ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သောကြေညာချက်ကို သိရှိရသည်။

၂။ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူလိုလားတောင့်တနေသည့် စစ်မှန်သောငြိမ်းချမ်းရေးကို ဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းဖြင့်သာ ပဋိပက္ခများကို ဖြေရှင်းနိုင်မည်ဟု အလေးအနက်ယုံကြည်ထားသည်။

၃။ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားညီနောင်လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် အခြားသောအဖွဲ့အစည်းများမှ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO/KIA အဖွဲ့တို့ ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်နိုင်ရန် ကူညီလုပ်ဆောင်ကြိုးပမ်းနေမှုများကို အသိမှတ်ပြု ကြိုဆိုပြီး ယင်းအဖွဲ့အစည်းများနှင့်လက်တွဲလုပ်ဆောင်၍KIO/KIA နှင့်ဆွေးနွေးပွဲများစတင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

တိုးတက်စည်ဝေလာမည့် ခရီးသွားဧည့်သည်ရောက်ရှိမှု

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁

မျက်နှာကို ဖုံးလွှမ်းထားသော ပဝါပါးကို ဖယ်ရှားလိုက်သည့် မိန်းမပျို၏လှပသော ရုပ်သွင်ကဲ့သို့ ဖြစ်နေသည့် မြန်မာနိုင်ငံ၏ နုသစ်သော သဘာဝအလှများဖြင့် ထုံမွမ်းနေသဖြင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များလာရောက်ရန် ဆွဲဆောင်နိုင်စွမ်းရှိနေသည်။ ပင်ကိုသဘာဝတောတောင်ရေမြေ အလှအပများ ပကတိအတိုင်း တည်ရှိနေမှုက ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ စိတ်ဝင်စားမှုအခံရဆုံးနေရာတစ်ခုအဖြစ် ရောက်ရှိလာနေပြီဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရန် တာစူနေပြီဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က တာဝန်ရှိသူများက သုံးသပ်ထားသည်။ အိမ်နီးချင်း အာဆီယံနိုင်ငံများဖြစ်သည့် စင်ကာပူ၊ ထိုင်းနှင့် မလေးရှား စသည့် နိုင်ငံများက ကမ္ဘာလှည့်ခရီးသည်အများဆုံး လာရောက်ရာ နိုင်ငံများအဖြစ် စာရင်းဝင်နေရာ မြန်မာနိုင်ငံသည်လည်း မကြာမီနှစ်များအတွင်း ယင်းနိုင်ငံများနှင့်အမီလိုက်နိုင်ရန် ကြိုးစားနေပြီဖြစ်သည်။

အိမ်သာလျှင် ဧည့်လာမည်မှာ ဓမ္မတာဖြစ်သည်။ နိုင်ငံအတွင်း ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံတကာနှင့် နွေးထွေးပွင့်လင်းစွာ ဆက်ဆံမှုများကြောင့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းများက မြန်မာနိုင်ငံအား ခရီးစဉ်တစ်ခုအဖြစ် ထည့်သွင်းလာကြပြီဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ခရီးသွားများလာရောက်မှု တိုးတက်တော့မည်ဖြစ်သည်။ သို့သော်ကြိုးစားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သော စာရင်းအင်းများအရ ၂၀၁၁ ခုနှစ်က ခရီးသွားဧည့်သည် စုစုပေါင်း ၈၁၆၃၆၉ ဦး လာရောက်ခဲ့သည်ဟုဆိုသည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ တစ်နှစ်တာ ခရီးသွားဧည့်သည်လာရောက်မှုမှာ လူဦးရေ ၁၀၅၈၉၉၅ ဦးရှိခဲ့ရာ ၂၀၁၃ ခုနှစ်ကုန်တွင် ဧည့်သည်

လာရောက်မှု တိုးတက်များပြားစွာ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာမည့် အခြေအနေကောင်းများလည်းရှိနေပြီ ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အပေါင်းအသင်း

မူလတန်းကျောင်းသုံးဖတ်စာအုပ်၌ ဖော်ပြထားသည့် ကျေးညီနောင် ပုံပြင်အကြောင်းကို လူတိုင်းနီးပါး ကြားသိကြပြီး ဖြစ်ပေလိမ့်မည်။ ပုံပြင်ထဲတွင် သူတော်ကောင်းတို့ ကျောင်းသခ်မ်းသို့ ရောက်ရှိသွားသော ကျေးသားသည် လိမ္မာယဉ်ကျေးပြီး လူမိုက်ခိုးသားဓားပြတို့ထံ ရောက်ရှိသွားသည့် ကျေးသားမှာ ရိုင်းစိုင်းသွားလေသည်။ ဤပုံပြင်သည် လူငယ်လူရွယ်တို့အနေဖြင့် အပေါင်းအသင်းမမှားကြစေရန် မီးမောင်းထိုးပြထားခြင်းပင်ဖြစ်၏။

ငယ်ရွယ်စဉ်ဘဝတွင် ပေါင်းသင်းဆက်ဆံရေးသည် အရေးကြီးသည်။ အပေါင်းအသင်းကောင်းလျှင် ဘဝတစ်လျှောက်လုံး လူကောင်းသူကောင်း ဖြစ်သွားနိုင်စရာအကြောင်း ရှိသည်။ အပေါင်းအသင်းမှားလျှင်လည်း ဘဝတစ်သက်တာလုံး အမှားလမ်းကြောင်းသို့ ရောက်ရှိသွားနိုင်သည်။ အထူးသဖြင့် လူငယ်လူရွယ်များ ငယ်ရွယ်စဉ်အခါတွင် အပေါင်းအသင်းမမှားမိစေရန် အရေးကြီးသည်။

ဤလောက၌ လူကောင်းသူကောင်းများနှင့် ပေါင်းဖော်ရခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါကြောင်း ၃၈ ဖြာ မင်္ဂလာတရားတော်တွင် ဖော်ပြထားသည်။ မှန်ပေသည်။ လူကောင်းသူကောင်းတို့နှင့် ပေါင်းဖော်ရခြင်းကြောင့် ကောင်းသောစကားများကို ကြားရမည်။ ကောင်းသောအကြံအစည်များ၊ ကောင်းသောအမူအကျင့်များလည်း ရရှိပေလိမ့်မည်။ လူကောင်းတို့နှင့် ပေါင်းသင်းရခြင်းကြောင့် ကောင်းသောအလုပ်အကိုင်တို့ကို လုပ်ကိုင်လျက် ကောင်းကျိုးလိုအင်ဆန္ဒများလည်း ပြည့်ဝရရှိလာမည်ဖြစ်ပါသည်။ သို့သော် လူမိုက်တို့နှင့် ပေါင်းဖက်မိချေက ဘဝတစ်လျှောက်လုံး နစ်မွန်းရန်သာရှိ၏။ ကြီးပွားတိုးတက်ရန်ကား မမြင်။ ဆုတ်ယုတ်ဆုံးရှုံးခြင်းသာ ဖြစ်ချေတော့မည် ဖြစ်ပါသည်။

ယနေ့ခေတ်တွင် အကျင့်စာရိတ္တကောင်းသူနှင့် မကောင်းသူ နှိုင်းစာကြည့်လျှင် မကောင်းသူက များလှသည်။ ထိုမကောင်းသူနှင့် ပေါင်းဖက်မိချေက ဘဝတစ်လျှောက်လုံး မကောင်းသော အကျင့်စရိုက်များ၊ အမူအကျင့်များ စွဲကပ်သွားနိုင်သည်။ မကောင်းသော အမူအကျင့်များ၊ စရိုက်ဆိုးများ စွဲကပ်သွားမည်ဆိုပါက လူတစ်ယောက်အနေဖြင့် ယခုဘဝသာမက နောင်သံသရာအထိ အဆိုးများ ပါသွားနိုင်သည်။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံရေးသည် အရေးကြီးသည်။ အပေါင်းအသင်းမှားလျှင် ဆက်တိုက်အမှားများ တွေ့လာနိုင်သည်။ လူငယ်လူရွယ်တို့အနေဖြင့် အပေါင်းအသင်းမမှားကြစေရန် သတိပြုကြရမည်ဖြစ်ပေကြောင်း။ ။

ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

ရှောင် ဖေဖော်ဝါရီ ၁

ရှောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုရာ ဆုရရှိသူများအား ပြည်ထောင်စုနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

နာလေးနာစိတ်စာတ်ခံယူ မှန်မှန်ကန်ကန်ဝိုင်းဝန်းကူ

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် NGO အဖွဲ့အစည်းများမှ တိုင်းရင်းသားစစ်ဘေးဒဏ်သင့် IDP စခန်းများကို ဆန်၊ ဆီနှင့်ဆေးဝါးများ၊ အဝတ်အထည်များ၊ အိုးခွက်ပန်းကန်များ စသည့်အပြင် လူနေမှုအဆောက်အအုံများ၊ ရေလှောင်ကန်များ၊ အိမ်သာများပါမကျန် စေ့ငအောင်လုပ်ကိုင်ဆောင်ရွက်ပေးနေကြသည်။

အဖွဲ့အစည်းများမှ လှူဒါန်းမှုများ၊ ပုဂ္ဂလိကတစ်ဦးချင်းအလှူရှင်များကို တွေ့ရမြင်ရကြားရသည့်အတွက် ဝမ်းမြောက်မိပါသည်။ သို့သော် လှူဒါန်းသူ၏ အလှူဒါနတည့်မတ်မှန်ကန်စွာ ရောက်ရှိစေရေး၊ အမှန်တကယ် လိုအပ်နေသူတို့ အသုံးပြုနိုင်ရေး စသည်တို့ကို မှန်မှန်ကန်ကန် ဖြစ်စေလိုသည့်သဘောကို တင်ပြလိုပါသည်။

အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ "အဖွဲ့အစည်းတစ်ခုက စစ်ဘေးဒဏ်သင့်စခန်းတစ်ခုအတွက် ရေလှောင်ကန်နဲ့ ရေလောင်းအိမ်သာပြုလုပ်ရန်အတွက်ဟုဆိုကာ ငွေချပေးပြီး ဆောက်လုပ်စေခဲ့ပါတယ်။ ကန်ထရိုက်လက်ကို အပ်နှံလုပ်ကိုင်စေတော့ ချပေးတဲ့ငွေနဲ့ လုပ်ပေးတဲ့ပုံစံမမှန်မကန်ဖြစ်နေပါတယ်။ တကယ်ဆိုရင် အဖွဲ့အစည်းက ချပေးတဲ့ငွေနဲ့ အမှန်အကန်လုပ်မယ်ဆိုရင် သည့်ထက်မက ပိုပြီးသာလွန်အောင် လုပ်ပေးနိုင်ပါတယ်။ ဒါကြောင့် ဒုက္ခသည်ကို ခုတုံးလုပ်ပြီး စီးပွားရှာသူ ကန်ထရိုက်များထံ မအပ်နှံမိစေဖို့ အမှန်တကယ် လိုအပ်ပါတယ်" ဟု ဗန်းမော်မြို့ရှိ IDP စခန်းတစ်ခုမှ တာဝန်ခံတစ်ဦးက ပြောပြသည်။

သို့ဖြစ်ရာ အလှူရှင် NGO အဖွဲ့အစည်းများသည်လည်း ဒုက္ခသည်များအတွက်ဟုဆိုရာ၌ မျက်နှာလွှဲခဲပစ် ပြီးလျှင်ပြီးရောမဖြစ်စေဘဲ ဒေသခံစခန်းတာဝန်ခံများနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ ဆောင်ရွက်မည်ဆိုလျှင် ဝိသမလောဘ စီးပွားရေးသမားများ၏ လွယ်လင့်တကူ အခွင့်အရေးယူခြင်းများကို တားဆီးနိုင်မှာဖြစ်သလို ပွင့်လင်းမြင်သာသည့် လှူအဖွဲ့အစည်းကို ရှေးရှုရာရောက်ပြီး လူထု၏ ယုံကြည်မှုကို လက်ခံရယူနိုင်လိမ့်မည်ဖြစ်သည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေးကာလသို့ ဖြတ်သန်းနေသောအချိန် ဖြစ်သည့်အတွက် လူမှုရေးဟုဆိုရာ၌ လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဟု ဆိုရာ၌ လည်းကောင်း ကူညီပံ့ပိုးဆောင်ရွက်ကြရာ၌ ဝါသနာ၊ စေတနာ၊ ကရုဏာ၊ အနစ်နာ စသည့် နာလေးနာကို ခံယူသော စိတ်ဓာတ်ကောင်းများ ကျင့်သုံးနိုင်ကြခြင်းဖြင့် လူတစ်ယောက်၊ လူတစ်စုမှသည် တစ်တိုင်းပြည်လုံး ကောင်းမွန်သော ကိုယ်ကျင့်တရားများ ထွန်းကားလာနိုင်မှာဖြစ်ပါကြောင်း အကြံပြုလိုက်ရပါသည်။ **ဆလိုင်းယောဇဉ်(ဗန်းမော်)**

နတ်မောက်မြို့နယ် လက်ခုပ်ပင်ဘူတာတွင် စာပို့ရထားများ တစ်မိနစ်ပြန်လည်ရပ်နားပေးရန် ပြည်သူများလိုလား

ပျဉ်းမနား-ကျောက်ပန်းတောင်း မီးရထားလမ်းပိုင်းတွင် ယခင်က လော်ကယ်ရထားနှင့် စာပို့ရထားများသည် ဘူတာတိုင်းတွင် ရပ်နားခဲ့ပါသည်။ ပျဉ်းမနား-ကျောက်ပန်းတောင်း ရထားလမ်းပိုင်းရှိ လက်ခုပ်ပင်ကျေးရွာသည် အိမ်ခြေ ၄၂၀ ခန့်ရှိ ကျေးရွာကြီးဖြစ်ပြီး မြန်မာ့မီးရထားမှ ဘူတာဖွင့်လှစ်ထားပါသည်။ ယခင်က လော်ကယ်ရထားနှင့် စာပို့ရထားများ ရပ်နားခဲ့ပြီး ယခုစာပို့ရထားများ ရပ်နားပေးခြင်း မပြုတော့ကြောင်း သိရသည်။ ယင်းသို့ စာပို့ရထားရပ်တန့်ပေးခြင်းမရှိသဖြင့် ရဟန်းသံဃာနှင့် ပြည်သူများသွားလာရေး ဒုက္ခရောက်မှုကို သက်ဆိုင်ရာသို့ တင်ပြသဖြင့် စာပို့ရထားရပ်မပေးသည့်ကာလ ၁၈ နှစ်ခန့်အကြာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် တွင် အမှတ် ၁၀၁၊ ၁၀၂ စာပို့ရထား ရပ်တန့်ပေးခဲ့ပါသည်။ စာပို့ရထား ရပ်တန့်ပေးသည့် အခမ်းအနားကို မီးရထားမှ တာဝန်ရှိသူများနှင့် ပြည်သူများ ပျော်ပျော်ပါးပါး ဖွင့်လှစ်ပေးခဲ့၍ အများပြည်သူများ ပီတိဖြစ်ခဲ့ရသည်။

သို့ရာတွင် စာပို့ရထား ရှစ်ရက်ခန့် ရပ်နားပြီးနောက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရုတ်တရက်ဂင်းစာပို့ရထားများ ယနေ့အထိ လုံးဝရပ်တန့်ပေးခြင်း မရှိတော့ပါ။ လက်ခုပ်ပင်ဘူတာကို ဖြတ်သန်း၍ နေပြည်တော်-ပုဂံ၊ ရန်ကုန်-ပုဂံ၊ နေပြည်တော်-ချောက်၊ တောင်တွင်းကြီး-ကြီးနီရထားများ စုစုပေါင်းလေးစင်းပြေးဆွဲနေသော်လည်း လော်ကယ်ရထားတစ်စင်းသာ ရပ်နားပေးလျက်ရှိကြောင်း ဒေသခံများက ပြောကြသည်။ လက်ခုပ်ပင်ဘူတာ၌ ကျောက်

ထင်သာမြင်သာ ပြုပြင်စရာ

ပန်းတောင်းလမ်းပိုင်းအထိ လေးအိမ်-သားများ-ငွေးကုန်း၊ ဆင်သေကန်-ပင်းချောင်း-ညောင်တို-အင်တောကျယ် ဘူတာများတွင် စာပို့ရထားများ ရပ်တန့်ပေးပြီး ယင်းဘူတာများအနက် ဆင်သေကန်ဘူတာသည် ကန်ထရိုက်ဘူတာဖြစ်သော်လည်း စာပို့ရထား ရပ်ပေးပြီး အစိုးရဝန်ထမ်းရှိသော လက်ခုပ်ပင်ဘူတာတွင် စာပို့ရထား ရပ်တန့်ပေးခြင်း မရှိပါ။ ရှစ်ရက်ခန့်သာရပ်နားပြီး ယခုထိ စာပို့ရထား ရပ်နားပေးမှုမရှိတော့၍ ခရီးသွား ရဟန်းရှင်လူများ စိတ်သောကရောက်ရကြောင်း သိရှိရသည်။

(၁၂၇)

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ရပ်စောက် ဖေဖော်ဝါရီ ၁

ရပ်ကွက်၊ ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ကြမည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာနိုင်စေရန်အတွက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေချိန်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုတို့တွင် တာဝန်ထမ်းဆောင်ကြမည့် အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုအကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိဖြစ်ကြောင်း သိရှိရသည်။ **ဇော်ဝင်းလှိုင်(ရပ်စောက်)**

ပညာရွှေအိုး လူမခိုး



ရေရှည်အစီအမံဖြင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစသည့်ရှေ့လုပ်ငန်းစဉ်များအတွက် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စစ် ကက်သရင်းအက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စစ် ကက်သရင်းအက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါးဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အခြေအနေအရပ်ရပ်ကြောင့် ထိခိုက်ခံစားရသူများအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများ၊ ထိုသို့ ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ၊ ထိခိုက်ခံစားခဲ့ရသည့် နှစ်ဖက်လူ့အဖွဲ့အစည်းအတွက်သာမက ရခိုင်ဒေသအတွင်းရှိ ပြည်သူတစ်ရပ်လုံးအတွက် ရေရှည်အစီအမံဖြင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစသည့် ရှေ့လုပ်ငန်းစဉ်များအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ***ရှေ့ဖုံးမှ***

မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့် ခရီးသွားများလာရောက်ရာတွင် ခရီးသည် အမျိုးအစားများအဖြစ် Package Tours များအဖြစ် ၂၃ ရာခိုင်နှုန်း၊ Foreign Independent Traveller များအဖြစ် ၄၂ ရာခိုင်နှုန်း၊ Business Travellers များအဖြစ် ၂၀ ရာခိုင်နှုန်းနှင့် အခြားကိစ္စများဖြင့် လာရောက်သူ ၁၅ ရာခိုင်နှုန်း ရှိနေသည်။

မြန်မာနိုင်ငံအတွင်းသို့ ဧည့်သည်များ ဝင်ရောက်ရာတွင် လောလောဆယ်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်၊ နေပြည်တော်၊ မန္တလေးနှင့် ညောင်ဦးလေဆိပ်ဝင်ပေါက်အပါအဝင် နယ်စပ်ဂိတ်ဝင်ပေါက်များမှ ဝင်ရောက်လျက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဧည့်သည် ၅၅၉၆၁၀ ဦးဝင်ရောက်ခဲ့ပြီး နေပြည်တော်၊ မန္တလေးနှင့် ညောင်ဦးလေဆိပ်ဝင်ပေါက်တို့မှ ဧည့်သည် ၃၂၅၂၁ ဦး ဝင်ရောက်ခဲ့သည့်အပြင် နယ်စပ်ဂိတ်ဝင်ပေါက်များမှ ဧည့်သည် ၄၆၅၆၁၄ ဦးဝင်ရောက်ခဲ့ရာ တစ်နှစ်လုံး ဧည့်သည်ဦးရေ ၁၀၅၈၉၉၅ ဦး လာရောက်ခဲ့သည်။ လာမည့်နှစ်များ၌ တစ်လထက်တစ်လ ပိုမိုတိုးတက်လာမည်မှာ သေချာနေပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ ရောက်ရှိသွားလာမှု အများဆုံးနေရာများတွင် ဟိုတယ်များ ဖြန့်ကြက်တည်ဆောက်လျက်ရှိသည့် အနေအထားကိုကြည့်လျှင် ရန်ကုန်မြို့တွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၂၀၄ လုံးနှင့် မန္တလေးမြို့တွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၇၉ လုံး၊ ပုဂံ- ညောင်ဦးမြို့တွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၇၅ လုံးနှင့် တောင်ကြီးအင်းလေးတွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၅၉ လုံးရှိနေသည်။ ယင်းနေရာအသီးသီးတွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာအသစ်များ ထပ်မံထွက်ပေါ်လာရေး ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားသည်ဖြစ်ရာ မကြာမီ ဟိုတယ်အသစ်များ ထွက်ပေါ်လာမည် ဖြစ်သည်။

မန္တလေးမြို့အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိအချိန်၌ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၂၃၄ လုံးရှိနေပြီး ယင်းတို့မှာ မန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ မိုးကုတ်၊ သာစည်၊ ပျဉ်းမနား၊ စစ်ကိုင်း၊ မုံရွာ၊ ကလေးနှင့် ကျောက်ဆည်မြို့များတွင်တည်ရှိပြီး အများဆုံးမှာ မန္တလေးမြို့နှင့် ပြင်ဦးလွင်တို့၌ တည်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နေချင်စဖွယ် အကောင်းဆုံးရာသီဥတုကို ပိုင်ဆိုင်ထားသည့်အပြင် သဘာဝအလှများဖြင့် ပြည့်စုံသောပြင်ဦးလွင်တွင်လည်း ဟိုတယ်များ၊ မိုတယ်များ၊ ထပ်မံတည်ဆောက်မည့်အလားအလာများ ရှိနေသည်။

တစ်ဖန် ပဲခူးတိုင်းဒေသကြီးအတွင်း ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၃၆ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ လုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၄၆ လုံး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၁ လုံး၊ မကွေးတိုင်းဒေသကြီးတွင် ၁၃ လုံး၊ ကချင်ပြည်နယ်တွင် ၁၈ လုံး၊ ကယားပြည်နယ်တွင် ခြောက်လုံး၊ ကရင်ပြည်တွင် ခုနစ်လုံး၊ မွန်ပြည်နယ်တွင် ၂၀ လုံး၊ ရခိုင်ပြည်နယ်တွင် အလုံး ၃၀၊ ရှမ်းပြည်နယ်တွင် ၁၄၉ လုံး ရှိနေသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဟိုတယ်၊ မိုတယ်များ ထပ်မံတည်ဆောက်သွားနိုင်ရေးအတွက်လည်း ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ထားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လောလောဆယ်၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် ဟိုတယ်ပေါင်း ၂၂ လုံးရှိနေပြီး ပြည်ပနှင့်ဖက်စပ်လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်လေးလုံးရှိနေသည်။ နိုင်ငံပိုင် ဟိုတယ်ခြောက်လုံးနှင့် ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၇၅၅ လုံး ရှိနေသည်။

လက်ရှိ ဟိုတယ်၊ မိုတယ်အရေအတွက်ဖြင့် အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမည့်အခြေအနေနှင့် လိုအပ်ချက်များရှိနေဆဲဖြစ်ရာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားပြီး နယ်မြေဒေသအလိုက် ဟိုတယ်များ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး ဆောင်ရွက်နေဆဲဖြစ်ရာ မကြာမီ ဟိုတယ်အသစ်များ ထွက်ပေါ်လာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံသံမှူးတထံ သံအမတ်ကြီး ဦးတင်ယု ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မော်စကိုမြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာဗလာဒီမီရိုဗစ်ချ်ပူတင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ လေ့လာရေးအဖွဲ့များ လွှတ်တော်များသို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၉၃ ဦးနှင့် International School of Myanmarမှ နိုင်ငံခြားသား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပနေပုံများကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံထူးရှင်ထွက်ပေါ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၈၉) ကြိမ်မြောက် အောင်ဘာလေသိန်း ဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ-

အထူးဆုကြီးတစ်ဆု
ကျပ်သိန်း (၁၅၀၀)
သ-၄၀၀၁၈၉

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း(၁၀၀၀)
ခ-၇၁၇၆၉၃

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း(၅၀၀)
လ-၈၈၈၈၈၅

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း(၃၀၀)ဆုများ
ဂ-၁၄၉၅၂၄
သ-၁၅၁၄၀၉

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း(၂၀၀)ဆုများ
ယ-၆၂၇၇၀၇
ဏ-၉၀၀၄၈၁
ဈ-၉၂၀၃၅၇

ကျပ်သိန်း(၁၀၀)ယူနစ်
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ဗ-၁၁၇၃၂၄
ဠ-၉၂၇၆၇၀
ဇ-၅၄၂၂၉၇
ဈ-၃၄၅၉၁၇
င-၄၈၀၀၉၃
ဝ-၅၃၄၁၅၇
ဒ-၈၂၅၁၉၁
ခ-၅၇၅၈၁၀
င-၈၆၁၉၀၄
ဌ-၅၀၆၅၀၉
ဆ-၇၉၂၂၈၈
စ-၆၂၃၀၉၄
ယ-၀၀၄၆၀၉
ဗ-၇၃၅၇၈၀
ဝ-၉၈၃၇၅၀

နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် ဖေဖော်ဝါရီ ၁

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသောGSM /UMTS မိုဘိုင်းစနစ် တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအရ Network Performance and Quality ပိုမိုကောင်းမွန်စေရန်အတွက် ရန်ကုန်မြို့တွင် 3G RCB (RNC Control Board) CPU Load Balance ပြုလုပ်ခြင်းနှင့် မန္တလေးမြို့တွင်UMTS စခန်းများအား RNC အဟောင်းမှအသစ်သို့ Cutover ပြုလုပ်ခြင်းလုပ်ငန်းတို့အား အောက်ဖော်ပြပါနေရာဒေသများ၌ ယှဉ်တွဲဖော်ပြပါနေ့ရက်၊ အချိန်များတွင် ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်-

နေ့စွဲ	ဆောင်ရွက်မည့်စခန်း	ဆိုင်းငံ့ချိန်	ဆိုင်းငံ့မည့်နေရာ
၄-၂-၂၀၁၃	ရန်ကုန်၊ အလုံ WCDMA မှ(3G RCB CPU)Load Balance ပြုလုပ်ခြင်း	နံနက်(၀၀း၃၀) နာရီမှ (၀၁း၀၀)နာရီ အတွင်း(၅)မိနစ်ခန့်	ရန်ကုန်ဧရိယာမှ(3G)မိုဘိုင်းဖုန်းများအဆက်အသွယ် ယာယီဆိုင်းငံ့ပါမည်။
၅-၂-၂၀၁၃	မန္တလေး WCDMA တွင် (RNC) အဟောင်းမှ အသစ်သို့ Cutover ပြုလုပ်ခြင်း	နံနက်(၀၀း၃၀)နာရီမှ (၀၃း၀၀)နာရီအတွင်း (၁၅)မိနစ်ခန့်	မန္တလေးဧရိယာမှ (3G)မိုဘိုင်းဖုန်းများအဆက်အသွယ် ယာယီဆိုင်းငံ့ပါမည်။

၂။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအတိုင်း (3G RCB CPU)Load Balance ပြုလုပ်ခြင်းနှင့် (RNC)အဟောင်းမှအသစ်သို့ Cutover ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နေ့ရက်၊ အချိန်များအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ မိုဘိုင်းတယ်လီဖုန်းများသည် နံနက်စောစောပိုင်းအချိန်များတွင် (၅)မိနစ်ခန့်နှင့် (၁၅)မိနစ်ခန့် ဆက်သွယ်မှုယာယီဆိုင်းငံ့မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံတကာသတင်း

အစ္စရေးအိမ်ရာများအရေး ကုလသမဂ္ဂပြင်းပြင်းထန်ထန်သတိပေး

တဲလ်အဲဗစ် ဖေဖော်ဝါရီ ၁

ပါလက်စတိုင်းပိုင်မြေယာများအတွင်း အစ္စရေးတို့၏တရားမဝင် အခြေစိုက်အိမ်ရာများတည်ဆောက်နေမှုများကို ရုပ်သိမ်းသွားရန် ကုလသမဂ္ဂကအစ္စရေးအစိုးရကို ဆင့်ဆိုသတိပေးလိုက်ကြောင်း ဇန်နဝါရီ ၃၁ ရက်က ပရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။

အစ္စရေးအနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်း၏ အာတီကယ် ၄၅ ကို လိုက်နာရမည်ဖြစ်ကြောင်း၊ ကြိုတင် သဘောတူ သတ်မှတ်ချက်မရှိသည့် အခြေစိုက်အိမ်ရာများတိုးချဲ့တည်ဆောက်မှုကို ရပ်ဆိုင်းလိုက်ရန်လိုကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး စစ်ကြောမှုစာတမ်းတွင် ဖော်ပြသည်။

ပါလက်စတိုင်းပိုင်နယ်မြေများအပေါ် အစ္စရေးတို့ တိုးချဲ့တည်ဆောက်နေသည့် အခြေစိုက်အိမ်ရာများကို ချက်ချင်းရုပ်သိမ်းရန် စာတမ်းသတင်းဖော်ပြချက်တွင် ပါရှိသည်။

ထိုစာတမ်းတွင် ဆက်လက်ပါရှိသည်မှာ အစ္စရေးတို့၏ အခြေစိုက်အိမ်ရာများသည် ၁၉၄၉ ဂျီနီဗာကွန်ဗင်းရှင်းနှင့် ဖီလာဆန့်ကျင်နေကြောင်း၊ တစ်ပါးပိုင်မြေကို ကျူးကျော်အခြေချခြင်းဖြင့် ပေါက်ကွဲမည့် ပဋိပက္ခများအသွင်ဆောင်နေသော ခြိမ်းခြောက်မှုများပင်ဖြစ်ကြောင်း၊ အစ္စရေးတို့၏ ထိုလုပ်ဆောင်မှုများသည် နိုင်ငံတကာရာဇဝတ်မှုခုံရုံးဖွဲ့၍ တရားစီရင်ရမည့် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းများနှင့် ညီမျှပါကြောင်း ၄င်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါလက်စတိုင်းတည်ရှိမှုကို တိုးမြှင့်သတ်မှတ်ပေးပြီးနောက် အစ္စရေးတို့၏ အိမ်ရာချဲ့ထွင်မှုများ ကြီးမားလာခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံပါ ထိုညီလာခံတွင် ပါလက်စတိုင်းသည် ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သော လေ့လာသူနိုင်ငံတစ်နိုင်ငံအဖြစ် ထောက်ခံမဲ ၁၃၈ မဲ၊ ကန့်ကွက်မဲ ၉ မဲနှင့် ကြားနေမဲ ၄၁ မဲဖြင့် ပါလက်စတိုင်းတည်ရှိမှုကို သတ်မှတ်အဆင့်တိုးမြှင့်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

မက္ကဆီကိုရေနံကုမ္ပဏီ၌ ပေါက်ကွဲမှုဖြစ်ပွား

မက္ကဆီကို ဖေဖော်ဝါရီ ၁

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုအစိုးရပိုင်ပီမစ်ရေနံကုမ္ပဏီဌာနချုပ်ရုံးတွင် ဇန်နဝါရီ ၃၁ ရက်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ၂၅ ဦး သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်ဟု မက္ကဆီကိုရေနံအဖွဲ့က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ ပြည်ထဲရေးဝန်ကြီး မီဂူးလ်အန်ဂယ်အိုဆိုရီယိုချောင်က သေဆုံးမှုများအား အတည်ပြုပြောကြားခဲ့ပြီး အဆိုပါမတော်တဆဖြစ်မှုကို အတိအကျမသိရသေးဟု ဆိုသည်။

အဆိုပါပေါက်ကွဲမှုသည် မက္ကဆီကိုမြို့လယ်ထဲရှိ ဘီ-၂ ပီမစ်မျှော်စင် စီမံခန့်ခွဲရေးဌာန အဆောက်အအုံ၌ ညနေ ၄ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့ရပြီး လူ ၃၅၀၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ထုတ်ပေးခဲ့သည်ဟုဆိုသည်။ ၄င်းပီမစ်ရုံးချုပ်တည်ရှိရာ အဆောက်အအုံသည် ၂၁၁ မီတာအမြင့်ရှိပြီး အထပ် ၅၄ ထပ်ပါဝင်ကာ မက္ကဆီကိုမြို့ရှိ အမြင့်ဆုံးအဆောက်အအုံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ **(ဆင်ဟွာ)**

တောင်အာဖရိကနိုင်ငံတွင် ရထားနှစ်စင်းတိုက်

ပရီတိုရီးယား ဖေဖော်ဝါရီ ၁

တောင်အာဖရိကနိုင်ငံ ပရီတိုရီးယားမြို့အနီးတွင် ကျောင်းသားကျောင်းသူများနှင့် ပုံမှန်အလုပ်ဆင်းသွားလာနေသူများအပြည့် တင်ဆောင်လာသည့် ခရီးသည်တင်ရထားနှစ်စင်းတိုက်မှုဖြစ်ပွားပြီးနောက် လူပေါင်း ၃၀၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ရထားနှစ်စင်းတိုက်မှုသည် ဇန်နဝါရီ ၃၁ ရက်နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပုံမှန်အလုပ်ဆင်းသွားလာသူများအား တင်ဆောင်လာသောရထားသည် ဆင်ခြေဖုံးမြို့များမှ ပရီတိုရီးယားမြို့သို့ ဦးတည်ခုတ်မောင်းလာပြီးနောက် ယင်းရထားလမ်းပေါ်တွင် ရပ်ထားသော အခြားရထားကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ တိုက်မှုဖြစ်ပွားပြီးနောက် လူ ၂၀ ခန့်မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားနှစ်စင်းလုံးပေါ်တွင် ပုံမှန်အလုပ်သွားလာသူများနှင့် ကျောင်းသို့သွားမည့် ကျောင်းသားအများအပြားရှိနေခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ ဂျိုဟန်ပစ်တာစီက ပြောကြားခဲ့သည်။

ရထားမောင်းသူများအနက် တစ်ဦးမှာ ရထားတွဲအတွင်း နှစ်နာရီကြာ ပိတ်မိပြီးနောက် လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။ ရထားတိုက်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို မသိရှိရသေးဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

အမေရိကန်နိုင်ငံ၏ (၆၇) ဦးမြောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဟီလာရီကလင်တန် တာဝန်ထမ်းဆောင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရာထူးကို လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည့် (၆၇)ဦးမြောက် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဟီလာရီကလင်တန်သည် သူမ၏တာဝန်ကို အပြောင်မြောက်ဆုံး ထမ်းဆောင်ခဲ့သည်ဟူသော အကဲဖြတ်အမှတ်ပေးမှုများနှင့်အတူ ဖေဖော်ဝါရီ ၁ ရက်တွင် ရာထူးမှအနားယူခဲ့ပြီဖြစ်သည်။မစ္စစ်ကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ၄င်း၏ နိုင်ငံရေးဂုဏ်သိက္ခာတိုးတက်ခဲ့မှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာမလိုအောင် အောင်မြင်ခဲ့သူလည်းဖြစ်သည်။

သမ္မတအိုဘားမားက မစ္စစ်ကလင်တန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများအနက် အတော်ဆုံးနိုင်ငံခြားရေးဝန်ကြီးတစ်ဦးဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း အကောင်းဆုံးလက်တွဲ၍ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း ချီးကျူးထောမနာပြုခဲ့သည်။ သူမ၏ နိုင်ငံခြားရေးဝန်ကြီးရာထူးနေရာကို ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက လွှဲပြောင်းတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စစ်ကလင်တန်၏လက်ထက်တွင် ကမ္ဘာတစ်ဝန်း နိုင်ငံများစွာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေးရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

မစ္စစ်ကလင်တန်သည် မြန်မာနိုင်ငံသို့ ၂၀၁၁ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လာရောက်ခဲ့စဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ကောင်းမွန်စေရန် ဆောင်ရွက်နိုင်ခဲ့ပြီး သူမ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် အမေရိကန်သမ္မတ အိုဘားမားနှင့်အတူ မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ကာ နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အဆင့်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ **(မြန်မာ့အလင်း)**

ဂျာမနီတပ်ဖွဲ့ဝင်များ အာဖဂန်၌ ဆက်ရှိမည်

ကဘူးလ် ဖေဖော်ဝါရီ ၁

အာဖဂန်နစ္စတန်နိုင်ငံရှိ ဂျာမနီတပ်ဖွဲ့ဝင်များကို နောက်ထပ် ၁၃ လ ထပ်မံတပ်စွဲထားရန် ဂျာမန်ပါလီမန်က သဘောတူလိုက်သည်။ ဂျာမန်ပါလီမန်က ယင်းကိစ္စအတွက် ၄၃၅ မဲ၊ ၁၁၁ မဲဖြင့် သဘောတူလိုက်ခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံက အာဖဂန်နစ္စတန်တွင် စစ်ဆင်ရေးဆောင်ရွက်မှု ကို ၂၀၁၄ ခုနှစ် အကုန်တွင် အဆုံးသတ်ရန် စီစဉ်ထားခဲ့သည်။ ဂျာမနီတပ်ဖွဲ့ဝင်အများစုသည် အာဖဂန်မြောက်ပိုင်း၌ တည်ရှိသည်။ လက်ရှိတပ်ဖွဲ့ဝင် ၄၅၀၀ မှ ၃၃၀၀ သို့ လျှော့ချရန် စီစဉ်လျက်ရှိသည်။

(ဆင်ဟွာ)

နိုင်ငံတကာသတင်း

မာလီ သူပုန်နှိမ်နင်းရေး ပထမအဆင့် စစ်ဆင်ရေး အောင်မြင်

အာဖရိကတိုက် မာလီနိုင်ငံမြောက်ပိုင်းကို အခိုင်အမာခြေကုပ်ယူ၍ တောင်ပိုင်းသို့ တဖြည်းဖြည်းတိုက်ခိုက်သိမ်းပိုက်ကာ မာလီအစိုးရကိုပင် အကြီးအကျယ်ခြိမ်းခြောက်လာသည့် အစ္စလမ္မစ်အစွန်းရောက်များနှင့် အကြမ်းဖက်သမားတို့၏အန္တရာယ်ကို တွန်းလှန်ချေမှုန်းရန် ပြင်သစ်တပ်များသည် မာလီအစိုးရ၏ မေတ္တာရပ်ခံချက်ဖြင့် ယခုလအတွင်းစတင်၍ စစ်ရေးအရ ဝင်ရောက်ကူညီခဲ့သည်။ အစွန်းရောက်သူပုန်များ ခြေကုပ်ယူထားသည့် ပြည်နယ် မြို့တော် ဂါအိုအပါအဝင်မြို့များကို တစ်မြို့ပြီးတစ်မြို့ ပြင်သစ်စစ်ကူတပ်များက ပြန်လည်တိုက်ခိုက်သိမ်းပိုက်လာသည်မှာ ဇန်နဝါရီ ၃၀ ရက်တွင် မာလီနိုင်ငံမြောက်ပိုင်း ကီဒါလ်မြို့ကို သိမ်းပိုက်နိုင်ပြီဖြစ်သည်။

ကီဒါလ်မြို့မှာ မာလီနိုင်ငံမြောက်ပိုင်း အစွန်းရောက်ဝါဒီသူပုန်တို့ထံမှ ပြင်သစ်တပ်များက သိမ်းပိုက်လိုက်သည့် သူပုန်တို့၏ နောက်ဆုံးခံတပ်ဖြစ်သည်။ ပြင်သစ်တပ်ဖွဲ့ဝင်များ မြို့တွင်းသို့ ဝင်ရောက်လာချိန်တွင် ခုခံမှုမရှိဘဲ သူပုန်တို့မှာ ထိုမြို့ကို ကျောခိုင်းသွားနေပေပြီ။ ကီဒါလ်မြို့သည် အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်၌ တည်ရှိသည်။ အစွန်းရောက်ဝါဒီ အကြမ်းဖက်သမားသူပုန်တို့မှာ ပတ်ဝန်းကျင်ရှိ တောတောင်များအတွင်း၌ ပုန်းအောင်းခိုလှုံနေဖွယ်ရာရှိသည်။

ပြင်သစ်တပ်များသည် လေယာဉ်လေးစင်းဖြင့် ရောက်လာခြင်းဖြစ်သည်။ သဲမုန်တိုင်းကြောင့် လေဆိပ်မှနေ၍ ထွက်ခွာရသော်လည်း မြို့တွင်းသို့ ဝင်ရောက်သောအခါ သူပုန်တို့မရှိတော့သဖြင့် သေနတ်တစ်ချက်မျှမဖောက်ရဘဲ မြို့တွင်း၌ ကင်းလှည့်ကာ လုံခြုံရေးတာဝန်ယူလိုက်သည်။ ရဟတ်ယာဉ်နှစ်စင်းက မြို့ပေါ်၌ ပျံဝဲကာ ကင်းစောင့်နေသည်ကို တွေ့နိုင်သည်။

မာလီနိုင်ငံ၌ စစ်တပ်က အာဏာသိမ်းမှုကို အခွင့်ကောင်းယူကာ ပြီးခဲ့သည့်မတ်လက နိုင်ငံမြောက်ပိုင်းတွင် အစ္စလမ္မစ်စစ်သွေးကြွအစွန်းရောက်ဝါဒီများက နယ်မြေအများအပြားကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြခြင်းဖြစ်၏။ အစွန်းရောက်သူပုန်တို့က နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းကိုပါ ခြိမ်းခြောက်လာမှုကြောင့် ပြင်သစ်က စစ်ဆင်ကူညီအောင်မြင်သည်မှာ သူပုန်တို့၏ နောက်ဆုံးခြေကုပ်စခန်းမြို့ ကီဒါလ်ကို ယခုကဲ့သို့ ပြန်လည်သိမ်းနိုင်ခြင်းဖြစ်သည်။ ပြန်သိမ်းနိုင်ခြင်းသည် စစ်သွေးကြွအကြမ်းဖက်သမားသူပုန်များအား မာလီ နိုင်ငံမြောက်ပိုင်းမှ တိုက်ထုတ်ရေးစစ်ဆင်မှု၏ ပထမပိုင်းပြီးဆုံးသွားသည့် လက္ခဏာဖြစ်ပါသည်။

တောတောင်ကန္တာရအတွင်း ပုန်းအောင်းနေသည့် အယ်လ်ခိုင် ဒါအဖွဲ့နှင့်ဆက်နွှယ်သည့် အစွန်းရောက်အကြမ်းဖက် သူပုန်များအား တိုက်ထုတ်ရေးစစ်ဆင်ရေး ဒုတိယပိုင်းကို ကူညီပံ့ပိုးရန် ထောင်ပေါင်းများစွာသော အာဖရိကတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်မည်ဟု ပြင်သစ်နိုင်ငံက ယခုအခါ မျှော်လင့်နေသည်။

ပြင်သစ်တပ်များကို မာလီနိုင်ငံမှ မကြာမီကာလအတွင်း ရုပ်သိမ်းရန် ရည်ရွယ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂေရင့်ဖေဘီက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။ ကျန်အပိုင်းတာဝန်ကို အာဖရိကနိုင်ငံများက ဆက်လက်ယူလိမ့်မည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

နိုင်ဂျာနှင့်ချဒ်အပါအဝင် အနောက်အာဖရိကနိုင်ငံများမှ တပ်ဖွဲ့ဝင်ရာပေါင်းများစွာမှာ မာလီနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။ ကီဒါလ်မြို့၌ အဇာဝပ်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့(အမ်အင်အယ်အေ) တပ်ဖွဲ့ဝင်များနှင့် ပြင်သစ်တပ်များကို တွေ့ရသည်။ အဆိုပါ ဆွာရာဇ်သူပုန်များသည် အစွန်းရောက်သူပုန်များနှင့် ခွဲမထွက်မီပြီးခဲ့သည့်နှစ်က ပုန်ကန်မှုစတင်ခဲ့ခြင်း ဖြစ်သည်။

တိုး-ရေးသားသည်

အမ်အင်အယ်အေသူပုန်တို့က ပြင်သစ်တပ်များကို ထောက်ခံမည်ဖြစ်ကြောင်း ကြေညာသော်လည်း၊ မာလီအစိုးရတပ်ဖွဲ့ဝင်များမှာ အရပ်သားများအပေါ် ရာဇဝတ်မှုများ ကျူးလွန်သဖြင့်သူတို့နယ်တစ်ဝိုက်ပြန်လာခွင့်မပေးနိုင်ဟု ဆိုသည်။ ယင်း၏တပ်ဖွဲ့ဝင်များသည်လည်း ကီဒါလ်မြို့အတွင်းသို့ ဇန်နဝါရီ ၂၆ ရက်က ဝင်ရောက်ခဲ့ပြီးမြို့တွင်း၌ အစ္စလမ္မစ် စစ်သွေးကြွများကို မတွေ့ရကြောင်း အမ်အင်အယ်အေ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ကီဒါလ်မြို့မှာ မကြာသေးမီကအထိ အန်ဆာဒိုင်း အစ္စလမ္မစ်အုပ်စုက သိမ်းပိုက်ထားသည့်မြို့ဖြစ်သည်။ ၎င်းအန်ဆာဒိုင်းအုပ်စုသည် အစ္စလမ္မစ် မက်ရက်အယ်လ်ခိုင်ဒါအဖွဲ့ (အာကွင်)နှင့် အခိုင်အမာဆက်သွယ်သည့်အုပ်စုဖြစ်သည်။ အန်ဆာဒိုင်းခေါင်းဆောင် အက်ဂါလီနှင့် အာကွင်မှ အဘူဇိုက်တို့သည် ကီဒါလ်မြို့ မြောက်ဘက် တောတောင်ကန္တာရအတွင်းသို့ ယခုအခါ ပြောင်းရွှေ့ရောက်ရှိသွားပြီဟူသော သတင်းများရရှိသည်။

ထိုအတောအတွင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံခြားရေးဝန်ကြီးများ ဇန်နဝါရီ ၃၁ ရက်တွင် တွေ့ဆုံသည့်အခါ မာလီနိုင်ငံအတွင်း ပြင်သစ်စစ်ရေးအကူအညီပေးမှုကို ထောက်ခံကြောင်း ထပ်မံအတည်ပြုဖွယ်ရှိသည်။ ထို့အပြင် ရှေ့လစတင်မည့် အီးယူစစ်ရေးလေ့ကျင့်ရေးကိစ္စကိုလည်း အသေးစိတ်ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရသည်။ မာလီနိုင်ငံတွင် ပွင့်လင်းမြင်သာ၍ စိတ်ချယုံကြည်လောက်သော ရွေးကောက်ပွဲကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပလိုကြောင်း မာလီ ယာယီသမ္မတ ဒိုင်အွန်ဘွန်ဒါက ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မာလီ သူပုန်ခံတပ်မြို့ ပြင်သစ်တပ်များ သိမ်း

မာလီနိုင်ငံ၌ စစ်ပွဲဆင်နွှဲနေသော ပြင်သစ်တပ်များသည် မာလီမြောက်ပိုင်း သူပုန်တို့၏ အဓိက ခံတပ်မြို့ဖြစ်သည့် ကီဒါလ်မြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ပြင်သစ်စစ်တပ်တာဝန်ရှိသူများက ပြောကြားသည်။ အစ္စလမ္မစ်သူပုန်များသည် အယ်လ်ဂျီးရီးယားနယ်စပ်အနီး ကီဒါလ်မြို့မှ ထွက်ခွာသွားကြပြီဖြစ်သည်။ ယင်းတို့သည် တောင်ကုန်းတောင်တန်းများအပေါ်တွင် ပုန်းအောင်းနေကြဖွယ်ရှိသည်။ ပြင်သစ်နှင့် မာလီတပ်များသည် ပြည်နယ်၏ အဓိကမြို့များဖြစ်သည့် ဂါအိုနှင့် တင်ဘွတ်တူမြို့များကို ပြန်လည်သိမ်းပြီးနောက် ရက်ပိုင်းအကြာ ကီဒါလ်မြို့ကို သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားဂြိုဟ်တု အချက်အလက်များ စတင်ပို့

ဇန်နဝါရီ ၃၀ ရက်က လွှတ်တင်လိုက်သော တောင်ကိုရီးယားဂြိုဟ်တုသည် ကမ္ဘာမြေပြင်စခန်းနှင့် ချိတ်ဆက်ပြီး အချက်အလက်များ ပေးပို့နေပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံကပြောသည်။ ယင်းဂြိုဟ်တုသည် ရာသီဥတုဆိုင်ရာ အချက်အလက်များ စုဆောင်းပြီး ဇန်နဝါရီ ၃၁ ရက်က ကမ္ဘာမြေနှင့် ဆက်သွယ်ပြီး အချက်အလက်များ ပေးပို့နေပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မြောက်ကိုရီးယားက ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ပြီး တစ်လမပြည့်မီ တောင်ကိုရီးယားကလည်း ဂြိုဟ်တုလွှတ်တင်နိုင်ခဲ့သည်။ ယင်းဂြိုဟ်တုကို ရုရှားနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တောင်ကိုရီးယားနိုင်ငံက လွှတ်တင်သည်။

မင်းသမီး အက်ရှလေဂျုဒ် ခင်ပွန်းသည် ပြိုင်ကားမောင်းသမားနှင့် ကွာရှင်း

မောင်သံဆင့်-ရေးသည်



အမေရိကန်ရုပ်ရှင်မင်းသမီး အက်ရှလေဂျုဒ်နှင့် ခင်ပွန်းဖြစ်သူ စကော့လူမျိုးပြိုင်ကားမောင်းသမား ဒါရီယိုဖရန့်ချီတီတို့နှစ်ဦး ၁၁ နှစ်ကြာ အိမ်ထောင်သက်အဆုံးသတ်ပြတ်စဲပြီဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မင်းသမီး အက်ရှလေတို့အိမ်ထောင်ဖက်နှစ်ဦးသည် ၂၀၀၁ ခုနှစ်က နှစ်ဦးသဘောတူထိမ်းမြားလက်ထပ်ခဲ့သည်။ ၁၁ နှစ်ကျော်ကြာ အိမ်ထောင်သက်အတွင်း သားသမီးမထွန်းကားခဲ့သည့် ၎င်းတို့နှစ်ဦးသည် အိမ်ထောင်ရေးပြတ်စဲရန် နှစ်ဦးသဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း ၎င်းတို့၏ကိုယ်စားလှယ်က ထုတ်ဖော်ပြောကြားသည်။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြသော်လည်း သူတို့သည် မိသားစုစိတ်ဓာတ်ဖြင့် ရေရှည်ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ အထူးချစ်ခင်မြတ်နိုးမှုစိတ်ထားဖြင့် သူတို့ကြားဆက်ဆံရေးကိုထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ ခိုင်မြဲသည့် သံယောဇဉ်နှင့် လေးစားမှုများဖြင့် ပျော်ရွှင်ကြည်နူးဖွယ်သူငယ်ချင်း မိတ်ဆွေဘဝဖြင့် ဆက်ဆံသွားမည်ဖြစ်ကြောင်း ကိုယ်စားလှယ်ဖြစ်သူက People မဂ္ဂဇင်းသို့ ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားသွားသည်။

Double Jeopardy နှင့် High Crimes ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသမီး အက်ရှလေဂျုဒ်သည် ပြီးခဲ့သည့်နှစ်များအတွင်း လူမှုရေးလုပ်ငန်းများဘက် စိတ်နှစ်ကာ အေအိုင်ဒီအက်စ်ရောဂါသည်များနှင့် လူငယ်များအရေးကို ဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အမေရိကန် ဆီးနိတ်လွှတ်တော်၌ ဒီမိုကရက်တစ်အမတ်တစ်ဦးဖြစ်လာနိုင်သည်ဟု မီဒီယာသတင်းများက ဆောင်းပါးရိပ်ခြည်ရည်ညွှန်းပြောဆိုနေသည်များရှိသော်လည်း မင်းသမီး အက်ရှလေဂျုဒ်က ထိုကိစ္စနှင့်ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ခြင်း တစ်စုံတစ်ရာမပြုလုပ်သေးချေ။

အက်ရှလေသည် ဆီးနိတ်လွှတ်တော်တွင် ကင်တပ်ကီပြည်နယ်ကိုယ်စားလှယ်အမတ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိသည်ဟု မီဒီယာများက ဖော်ပြသည်။

မြင့်မောင်စိုး-စုစည်းသည်

ဆီးရီးယားတွင် အစ္စရေးလေကြောင်းတိုက်ခိုက်

ဆီးရီးယားနယ်မြေအတွင်း အစ္စရေးဂျက်တိုက်လေယာဉ်များ လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားစစ်တပ်က ဇန်နဝါရီ ၃၁ ရက်တွင် အတည်ပြုပြောကြားသည်။

အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခြင်းကို ဆီးရီးယားစစ်တပ်ဘက်က အခိုင်အမာပြောကြားသော်လည်း လက်ဘနွန်သို့ ဦးတည်သည့် လက်နက်တင်လော်ရီကားများ ထိမှန်ခြင်းရှိမရှိကိုမူ သတင်းထုတ်ပြန်ရန် ငြင်းဆန်သည်။

ကိုယ်ပိုင်အထက်တန်းကျောင်း - မှတ်ပုံတင်အမှတ် - ကကက - ၁၃/၄၁/၀၀၁
ICEC
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးဘော်ဒါ

ကျောင်းအပ်လက်ခံနေပါပြီ
ခြံအမှတ် (၈၁၃)
ဗဟိုလမ်းနှင့်ရွာမကျောင်းလမ်းထောင့် (လှိုင်)
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
01- 536349,09-73249755,09-5196433
A-5၊ မေတ္တာမွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊
နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09-73162577 ,09-5155830
တာမွေမှာဖွင့်ပြီ
HOT LINE : 0 9 73166911
Grade (11) ကျူရှင်သင်တန်းအား (မတ်လ-၁၄) ရက်နေ့ဖွင့်မည်။
KG မှ Grade (10) ထိ (ဧပြီလ-၂၅)ရက်နေ့ဖွင့်မည်။

ဆောင်းပါး

ရထားပန်းယိုင်ဆွဲကတ်မေ

ကျွန်းသားငမန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် နိုင်ငံတစ်ခုဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားပြည်သူများ၊ အေးအတူပူအမျှ လက်တွဲနေထိုင်ကြသည့် ဒေသလည်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများတွင် မိမိတို့ချစ်မြတ်နိုးကြသည့် ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ စသည်တို့ ရှိကြသည်။ မိမိတို့ချစ်မြတ်နိုးသည့် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက် ထားကြသည်။ ဇာတိပုည၊ ဂုဏ်မာနတည်းဟူသော မျိုးစောင့်တရားများကို အစဉ်အမြဲ နှလုံးပိုက်ကာ၊ တိုင်းရင်းသား လူမျိုးများအားလုံး ရင်းနှီးချစ်ကြည်စွာ လက်တွဲနေထိုင်ခဲ့ကြသည်မှာ ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြယုဂ်တစ်ခုလည်း ဖြစ်သည်။

တိုင်းရင်းသားပြည်သူများတွင် အစဉ်သဖြင့် ပျော်ရွှင်စွာကျင်းပကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်များလည်းရှိကြသည်။

ဘာသာရေး ယုံကြည်မှုဖြင့် ကျင်းပသည့် ပွဲတော်များရှိကြသလို ရိုးရာအစဉ်အလာအရ ယုံကြည်မှုဖြင့် ကျင်းပကြသည့် ပွဲတော်များလည်း ရှိကြသည်။ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး မတူညီကြ။ သီးခြားပေါ်လွင် ထင်ရှားသော အသွင်သဏ္ဌာန်များ ကိုယ်စီရှိကြသည်။ မနောပွဲတော်ဆိုလျှင် ကချင်တို့၏ ပွဲတော်အဖြစ် သိမြင်ကြသလို၊ ကောက်သစ်စား ပွဲတော်ဆိုသည်မှာလည်း နာဂတိုင်းရင်းသားတို့၏ ပွဲတော်အဖြစ် သိထားကြသည်။ ဆိုလိုသည်မှာ မနောပွဲတော်နှင့် ကချင်၊ ကောက်သစ်စားပွဲတော်နှင့် နာဂ စသည်ဖြင့် တွဲ၍မြင်မိကြသည်သာဖြစ်သည်။ ထို့အတူ ရခိုင်တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များဖြစ်သည့် ကျင်ကိုင်ပွဲ၊ ရထားဆွဲပွဲများသည်လည်း ပွဲတော်နှင့် လူမျိုးကိုတွဲ၍သိနိုင်၊ မြင်နိုင်ကြသည်။ ဤပွဲတော်များသည် တခြားသော တိုင်းရင်းသား လူမျိုးများ၏ ပွဲတော်များနှင့် အသွင်သဏ္ဌာန် တူညီခြင်းမရှိဘဲ သီးခြားစရိုက်လက္ခဏာ၊ ဟန်ပန်များရှိနေကြသည်။

ရခိုင်လူမျိုးတို့ ကျင်းပလေ့ရှိသည့် လှေပြိုင်ပွဲ၊ ကျင်ကိုင်ပွဲစသည်များမှာ အချိန်ကာလမရွေး ကျင်းပနိုင်ကြသည့် ပွဲတော်များဖြစ်ကြသည်။ အထူးသဖြင့် ဘာသာရေးပွဲတော်များတွင် ထည့်သွင်းကျင်းပခြင်း၊ အထိမ်းအမှတ်အခါကြီးနေ့ရက်များတွင် ကျင်းပခြင်းများရှိတတ်ကြသည်။ သို့ရာတွင် ရထားဆွဲပွဲတော်ကား၊ မိမိတို့ ကျင်းပချင်တိုင်းကျင်းပ၍မရ၊ နှစ်စဉ်နှစ်တိုင်းတပို့တွဲလမှာသာ ကျင်းပကြရသည်။ တပို့တွဲလတွင်လည်း လပြည့်နေ့ကို ကျော်လွန်ကျင်းပ၍မရ၊ လပြည့်နေ့ ညသန်းခေါင်မတိုင်မီတွင် ရထားကို မီးရှို့ဖျက်ဆီးလိုက်ရသည်။ အကြောင်းကြောင်းကြောင့် ပွဲကို အဆုံး မသတ်နိုင်သေးလျှင်လည်း၊ ရထားကိုစတိသဘော မီးရှို့လိုက်ရတတ်သည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲကို ရခိုင်တိုင်းရင်းသားတို့ ပျော်ရွှင်ခြိမ့်သဲ တစ်ခဲနက်မျှ ကျင်းပလေ့ရှိတတ်ကြသော်လည်း၊ မည်သည့်ခေတ်၊ မည်သည့်ကာလကပင် ကျင်းပခဲ့သည် ဆိုခြင်းကိုမသိရ၊ သို့ရာတွင် မြောက်ဦးခေတ်(သို့မဟုတ်) ယင်းခေတ် မတိုင်မီကပင် ကျင်းပနိုင်ဖွယ်ရှိကြောင်းကိုမူ မှတ်တမ်းများအရ သိရသည်။ မြောက်ဦးခေတ်ရတုစာဆို ဥက္ကာပျံရေးစပ်သီဖွဲ့ခဲ့သည့် ၁၂ ရာသီဘွဲ့တွင်-

ကုံရာသီလွဲ တပို့တွဲသည် လွမ်းဖွယ်ပင်
ပျော်ရွှင်လူရပ်မြို--၊
ရထားသဘင် နှစ်စဉ်ယင်ကေ
သောင်းခွင် ဤလူ့ပြည်ထက်--၊
ပျော်ရွှင်ဖွယ် လူတို့၌
ရာဇဌာနီ မင်းနေပြည်ဝယ်
ထိုထိုဇနပုဒ်၌--
ကျူးသံရိုက် သိမ့်သိမ့်ဆူ
သမုဒ္ဒရာ ယမုံနာသည်
သီတာချောင်းခြားယူခ
များလူရှင် ပျော်သောင်းသဲ
ဗိန်းဗောင်း ခရာ၊
စည်ဒုပ္ပာသည်
ပတ်သာ မြို့လုံးခြုံမျှ--

ဟု စပ်ဆိုထားခဲ့သည်ကို တွေ့ရခြင်းဖြင့် ထိုအချိန်၊ ထိုကာလမှ (သို့မဟုတ်) ထို့ထက်စောစွာ ရထားဆွဲပွဲကို ရခိုင်ပြည်သူတို့ ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရှိနိုင်ကြသည်။ စာဆိုဥက္ကာပျံ၏ရတုတွင် ထိုစဉ်ထိုအခါက ကျင်းပခဲ့သည့် ရထားဆွဲပွဲ၏မြင်ကွင်းကိုလည်း တွေ့မြင်ခံစားနိုင်ကြသည်။ ပြည်သူ ပြည်သားတို့ ပျော်ပျော်ရွှင်ရွှင် သွားလာလှုပ်ရှားနေမှု၊ မင်းနေပြည်တော်မှသည် ကျေးရွာဇနပုဒ်ပါမကျန် ခြိမ့်ခြိမ့်သဲသဲ ရှိနေကြပုံ၊ အိုးစည်ဗုံမောင်းများ တီးမှုတ်ပျော်ပါးနေကြပုံ စသည်များကို ခံစားနိုင်ကြသည်။

ရခိုင်ပြည်သူတို့ အစဉ်အလာမပျက် ကျင်းပပြုလုပ်လေ့ရှိသည့် ရထားဆွဲပွဲတော်မှာ အမှန်အားဖြင့် ဘာသာရေးနှင့် နှီးနွှယ်ပတ်သက်သည့် ပွဲတော်တစ်ခုကားမဟုတ်။ ယုံကြည်မှုဓလေ့ထုံးတမ်းဖြင့် ကျင်းပသည့် ပွဲတော်တစ်ခုသာဖြစ်သည်။ တပို့တွဲလတွင် ရထားဆွဲပွဲ ဆင်ယင်ကျင်းပခြင်းမှာ နက္ခတ်တာရာကို ပူဇော်သည့်ပွဲဖြစ်ကြောင်း သုတေသီများက ဆိုကြသည်။ ရထားဆွဲပွဲ ကျင်းပခြင်းဖြင့် ရာသီဥတုကောင်းမွန်မှန်ကန်ပြီး တောင်သူလယ်သမားတို့ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံ ဆန်ရေစပါးတို့ ဖွံ့ထွားအောင်မြင်နိုင်စေကြောင်း၊ သီးနှံများအထွက်တိုးနိုင်စေကြောင်းဖြင့်လည်း ယုံကြည်မှုဖြင့် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်းဖြင့်လည်း ဆိုကြသည်။

တပို့တွဲလကို မြန်မာမှုအရ ကုံရာသီဟုခေါ်၍ ဤလတွင် စန်းပြည့်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်ကြောင်း သိရသည်။ စန်းယှဉ်သော တာရာမှာ ချိန်တာရာဖြစ်ပြီး မြန်မာတို့ အယူအရမူ ရာသီအရုပ်မှာ ရေထမ်းသမားရုပ်ဖြစ်ကြောင်းဖြင့်ဆိုသည်။ ရခိုင်နက္ခတ်တာရာ အဆိုအရမူ ချိန်ခွင်ဖြစ်ကြောင်းဖြင့်လည်း သိရသည်။

ရထားဆွဲပွဲတွင် အသုံးပြုသော ရထားကို ပြင်ဆင်ဖွဲ့စည်းရာ၌ ရခိုင်ဂဏ္ဍိရအမြင်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်ဟု ဆိုကြသည်။ ရထားကိုချည်နှောင်ရာတွင် ခိုင်မာသည့် ဒိုးနွယ်များဖြင့် ချည်နှောင်ကြရသည်။ ရထားအညွန့်မှာ ဝါးညွန့်ဖြစ်သည်။ ရထားပေါ်တွင် ဝါးပင်ကိုခုတ်ယူပြီး ၁၀ ပေခန့် အမြင့်ထိ စိုက်ထူထားရသည်။ ရထားကိုက ဂဏ္ဍိရအမြင် (၇)ဂဏန်းကို မူတည်ဖွဲ့စည်းထားခြင်း ဖြစ်သည်ဟုလည်း ဆိုကြသည်။ မာဃနက္ခတ် သစည်(၇)၊ ရထားသည် (၇)၊ ဝါးညွန့်သည် (၇) ဖြစ်ကြောင်းဖြင့်လည်း ဆိုကြသည်။ ထိုစဉ်က ရထားဆွဲရာတွင်လည်း ခိုင်မာသော ဒိုးနွယ်များကိုကြိုးအဖြစ် အသုံးပြုခဲ့ကြောင်းဖြင့်လည်း ဆိုကြသည်။ သို့ရာတွင် ခေတ်ကာလပြောင်းလဲလာသည်နှင့်အတူ ရထားဖွဲ့စည်းပုံသည်လည်း ပြောင်းလဲလာခဲ့သည်။ ရထားကို ဒိုးနွယ်တို့ဖြင့် ချည်နှောင်သည့်အစား သံ၊ မူလီတို့ဖြင့် စွဲမြဲစွာဖွဲ့စည်းလာကြပြီ။ သို့ရာတွင် အရိုးကို အရွက်မဖုံးရအောင်မူ သတိထားဆောင်ရွက်ကြဆဲရှိသည်။ ရထား၏ အဓိက အဆောင်အယောင်မှာ ဝါးပင်၊ ဝါးညွန့်ဖြစ်ရာ၊ ဝါးပင်၊ ဝါးညွန့်ကို မဖြစ်မနေထည့်သွင်းအသုံးပြုကြရသည်။

ရထားဆွဲပွဲကို ကျင်းပရာတွင် သုံးနှစ်ဆက်တိုက် ကျင်းပရကြောင်းဖြင့်လည်းဆိုကြသည်။ ရထားဆွဲပွဲ မကျင်းပမီ မိမိတို့ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ရပ်ရှင်၊ ရွာရှင်မရှိရာ နတ်စင်သို့သွားရောက်၍ နတ်ပြုရသည်။ ရွာရှင်၊ ရပ်ရှင်မအား ပူဇော်ကန်တော့ရသည်။ (ရခိုင်ဒေသတွင် ရွာရှင်၊ ရပ်ရှင်များမှာ အမျိုးသားနတ်များမဟုတ်ဘဲ အမျိုးသမီးနတ်များသာဖြစ်ကြသည်။ စကားချပ်)။ စစ်တွေမြို့တွင်ကား မြို့ရှင်မ(ဗုဒ္ဓေါရှင်မ)သို့လည်း သွားရောက်ဦးခိုက်ရသည်။ အထိအခိုက် အနှောင့်အယှက်မရှိစေရန် စောင့်ရှောက်ကူညီပေးဖို့ ပန်ကြားရသည်။ ရပ်ရှင်၊ ရွာရှင်မြို့ရှင်မများအား မကန်တော့မီ ဆရာတော် သံဃာတော်များကို ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာကြားပူဇော်ကြရသည်။

ရထားဆွဲပွဲ ဝင်ရောက်ရန်လာသည့် အသင်းအဖွဲ့များကလည်း ရထားမဆွဲမီ ရထားကို ကန်တော့ပွဲများဖြင့် ဦးခိုက်ကန်တော့ကာ ပူဇော်ကြသည်။ ပြီးမှသာ ရထားကို ဆွဲငင်ကြရသည်။ ရိုးရာအစဉ်အလာမပျက် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ရခိုင်ရိုးရာရထားဆွဲပွဲမှာ မိုးလေဝသ ကောင်းမွန်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ရာသီဥတုကောင်းမွန်မှန်ကန်စေရန် နက္ခတ်တာရာများအား ပူဇော်ကန်တော့ခြင်းလည်းဖြစ်သည်။ နက္ခတ်တာရာ စန်းလဂ်နှင့်ယှဉ်ပြီး ကျင်းပခြင်းဖြစ်သည်။ ရိုးရာအစဉ်အလာအရ ရထားဆွဲပွဲကျင်းပရာတွင် ကျေးလက်ဒေသများ၌ အမျိုးသား တစ်ဖက်၊ အမျိုးသမီးတစ်ဖက် ဆွဲငင်လေ့ရှိကြသည်။ ကျေးရွာအချင်းချင်း တစ်ရွာနှင့်တစ်ရွာ ယှဉ်ပြိုင် ဆွဲငင်ခြင်းလည်းရှိတတ်ကြသည်။ မြို့ပြများတွင်လည်း တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် အနိုင်လုဆွဲငင်တတ်ကြသည်။ သည်လိုလ ရထားဆွဲငင်ရာတွင် မည်သည့်ရပ်ကွက်၊ မည်သည့်ဘက်မှ ပါဝင်ခြင်းမရှိသော်လည်း ပွဲကြည့်ပရိသတ်များက အားနည်းသည်ထင်ရသည့်ဘက်မှ ဝင်ရောက်ဝိုင်းဝန်း ကူညီဆွဲပေးကြသည်များလည်း ရှိတတ်ကြသေးသည်။ ပါဝင်ဆွဲငင်ခြင်းမရှိသည့် တိုင် ဘေးမှရပ်ကာ အော်ဟစ်အားပေးလေ့ရှိတတ်ကြသည်။ ဆွဲငင်ကြသူများရော ပွဲကြည့်ပရိသတ်များပါ ကြည်နူးပျော်ရွှင်ကြရသည်။

တစ်နှစ်မှတစ်ခါ ထိုအခါမှာလည်း တစ်လတည်းတွင်သာ ကျင်းပရသည့် ရခိုင်ရိုးရာ ရထားပွဲတော်ကား ရခိုင်တိုင်းရင်းသားများ၏ အစဉ်အလာကြီးမားသော ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည်။ ရိုးရာရထားဆွဲခြင်းဖြင့် အချင်းချင်းတို့အကြား စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်ရရှိနိုင်ကြသည်။ တက်ကြွသော စိတ်ဓာတ်အားမာန်များကို ဖြစ်ပေါ်ရရှိစေနိုင်သည်သာမက ပြိုင်ပွဲဝင်အချင်းချင်းအကြားတွင်လည်း ခင်မင်ရင်းနှီးချစ်ကြည်ရေး စိတ်ဓာတ်များ ပွားစည်းနိုင်ကြသည်ကို တွေ့ရသည်။ ရှေးယခင်က ရထားဆွဲပွဲပုံစံသည် ယောကျ်ားနှင့် မိန်းမတို့အကြား တစ်ဖက်နှင့်တစ်ဖက် အနိုင်လုဆွဲငင်ကြသည့်ပွဲဖြစ်ခဲ့သည်။ ထိုမှတစ်ဖန် တစ်ရွာနှင့်တစ်ရွာ၊ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနိုင်ယူယှဉ်ပြိုင်လာကြသည်။ တချို့ဒေသများတွင်မူ ရပ်ကွက်တစ်ခု၊ အဖွဲ့အစည်းတစ်ခုခုမှ ဦးဆောင်ကာ ရှုံးထွက်ပွဲစဉ်များဆွဲပြီး ကစားလာကြသည်ကို တွေ့ရသည်။

မည်သို့ပင် ယှဉ်ပြိုင်ပွဲ ပုံသဏ္ဌာန်များ ပြောင်းလဲလာသည်ဆိုစေကာမူ ရိုးရာဟန်မူမပျက်သော ရထားဆွဲပွဲများကို ရခိုင်ဒေသတွင် တပို့တွဲလ၌ လပြည့်ရက်ကို ဗဟိုပြုကျင်းပလျက်ရှိနေကြသည်။ တပို့တွဲရာသီကာလတွင် ပျော်ပျော်ပါးပါးဖြင့် ကျင်းပနေကြသည့် ရထားပန်းယိုင်ဆွဲပွဲများသည် ရခိုင်တိုင်းရင်းသားပြည်သူများ၏ စရိုက်လက္ခဏာနှင့် အမျိုးသားဇာတိမာန်ကို လှစ်ဟဖော်ကျူးနေသည့်ပွဲများလည်း ဖြစ်ပေသည်။

ထူးချွန်

မြန်မာစာ ဂျာနယ် မာတုဗေဒ ဂျာနယ်
အင်္ဂလိပ်စာ ဂျာနယ် ရူပဗေဒ ဂျာနယ်
သင်္ချာ ဂျာနယ် ဇီဝဗေဒ ဂျာနယ်
ဘောဂဗေဒ ဂျာနယ်

01-385196, 09-73025929

Mya Kay Kay Engineering Co.,Ltd

Open Type Gen-Set Installation

Gen-Set Room Soundproofing

Ph-09-5409429

Email-tuntunoomlm@gmail.com

ပြည်သူ့လွှတ်တော်အစည်းအဝေး

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်း အတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို အစီအစဉ်(၈)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်းနှင့်ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီ ၅၁ မိနစ်တွင် အဲပုဂံလေကြောင်းလိုင်းပိုင် F-100 လေယာဉ် XY-AGC သည် ဟဲဟိုးလေယာဉ်ကွင်းသို့ဆင်းသက်စဉ် လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ လေယာဉ်မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်နေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ ဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ပြီး ၎င်းနေ့တွင်ပင် အဖွဲ့ဝင်(၅)ဦးပါသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့်အများပြည်သူများသိရှိနိုင်ရန် နိုင်ငံတော်ပိုင်သတင်းမီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ဟဲဟိုးလေယာဉ်ကွင်းအနီး လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်တွင်းပြည်ပခရီးသွားများ နားလည်ယုံကြည်မှုရရှိလာရေးအခြေအနေမှန် ဖြေကြားရှင်းလင်းခြင်းနှင့် ထပ်မံမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်တားဆီးဆောင်ရွက်မည့် အစီအစဉ်များသိရှိလိုကြောင်း** မေးခွန်းအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဆက်လက်ဖြေကြားရာတွင် လေယာဉ်မတော်တဆဖြစ်ပွားမှုသည် ယေဘုယျအားဖြင့် လေယာဉ်ကွင်းသို့ ချဉ်းကပ်သည့်အမြင့်၌ ရှိသင့်သည်ထက်နိမ့်၍ ချဉ်းကပ်ခြင်းကြောင့်ဟု ယူဆပါကြောင်း၊ ထိုသို့နိမ့်သည်ဆိုရာတွင် Man, Machine, Media ဟူသော

ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန် ဖြေကြားစဉ်။ (သတင်းစဉ်)

အကြောင်းအချက်(၃)ခုအနက်မှ တစ်ခုခုကြောင့် ဖြစ်ပွားနိုင်ပါကြောင်း၊ လူ၏အမြင်မှားယွင်းခြင်း၊ ဆုံးဖြတ်ချက်မှားယွင်းခြင်း၊ စက်ပစ္စည်းတို့၏သဘောအရ အပူအအေးကြောင့်မှားယွင်းညွှန်ပြတတ်ခြင်း၊ ရာသီဥတုအခြေအနေမှာလည်း မြူနှင်းများထူထပ်စွာကျရောက်သည့်ဆောင်းရာသီဖြစ်သဖြင့် သဲကွဲစွာမမြင်ရသည့်အခြေအနေဖြစ်ခြင်း စသည့်အချက်များကြောင့် ဖြစ်ပွားနိုင်ပါကြောင်း။

စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၂၅ရက်နှင့် ၂၆ရက်တို့တွင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး လေယာဉ်၏ Flight Data Recorder နှင့် Cockpit Voice Recorder တို့အား Download & Analysis ပြုလုပ်ရန် စင်ကာပူနိုင်ငံ Air Accident Investigation Bureau(AALB)နှင့်ညှိနှိုင်းခဲ့ရာ မီးလောင်ပျက်စီးမှု အတိုင်းအတာအရ Facilityပိုမိုပြည့်စုံသော ဩစတြေးလျနိုင်ငံရှိ Australia Transport Safety Bureau(ATSB)တွင် ဆောင်ရွက်ရန် အကြံပြုချက်အရ မြန်မာစုံစမ်းစစ်ဆေးရေးအဖွဲ့မှ အဖွဲ့ဝင် (၅)ဦးသည် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ (ATSB) သို့ ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ သွားရောက်စစ်ဆေးခဲ့ပါကြောင်း။

ပြည်သူများ ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေးအတွက် သတင်းမီဒီယာများအား ဖိတ်ကြား၍ ကနဦး အစီရင်ခံစာကိုအခြေပြုလျက် ယနေ့တွင် ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၌ စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက သတင်းစာရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်တွင်း ပြည်ပခရီးသွားများ နားလည်ယုံကြည်မှုရရှိလာရေးအတွက် အပြီးသတ်စစ်ဆေးမှုအဖြေရရှိသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့က သတင်းထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်းနှင့် နောင်အလားတူ ဖြစ်စဉ်မျိုးမဖြစ်ပွားစေရေးအတွက် လေယာဉ်မှူးများ၊ လေကြောင်းထိန်းဌာနများသို့ ညွှန်ကြားချက်များထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဖြေကြားချက်နှင့် ပတ်သက်၍ မေးခွန်းရှင် **ဦးတင်မောင်ဦး**က "နိုင်ငံတော်က ဒီကနေ့နိုင်ငံရေးရော၊ စီးပွားရေးရော အားလုံးပြောင်းလဲနေတယ်၊ နိုင်ငံတော်သမ္မတကြီးကလည်း သိပ်သည်းကျစ်လျစ်တဲ့၊ စည်းကမ်းရှိတဲ့ လူမှုအဖွဲ့အစည်းတွေနဲ့ ဝိုင်းဝန်းဆောင်ရွက်ဖို့ပြောဆိုနေတဲ့ကာလဖြစ်တယ်၊ ဒီကိစ္စလေးက သာမန်ကြည့်ရင်တော့ ဘာမှမဟုတ်ဘူး၊ သို့သော် ဒီနေ့ နိုင်ငံတော်မှာ FDI လို Law တွေ ထုတ်ထားတယ်၊ မကြာခင်မှာ နိုင်ငံခြားတိုင်းပြည်အသီးသီးက ဒီနိုင်ငံထဲကိုဝင်လာမယ်၊ မဖြစ်မနေ လေကြောင်းလိုင်းကို သုံးရမှာပဲ၊ မဖြစ်လို့သာ မော်တော်ယာဉ်စီးနေတာ။

ဒီနေ့ ကြည့်လိုက်မယ်ဆိုရင် ကလောမှာရှိတဲ့ ဟိုတယ်အချို့ကိုသွားတဲ့ခရီးသည်တွေဟာ လေယာဉ်မစီးတော့ဘူး၊ မော်တော်ယာဉ်တွေနဲ့ တက်နေရတယ်၊ ဒါတွေဟာ နောင်အနာဂတ်အတွက် စီးပွားရေးအရ စိုးရိမ်စရာဖြစ်ပါတယ်၊ နိုင်ငံရေးအရလည်း စိုးရိမ်စရာဖြစ်ပါတယ်၊ ဒါကြောင့် ဝန်ကြီးဌာနက ဖြေသွားတာကို အတိုင်းအတာတစ်ခုအထိ ကျေနပ်တယ်၊ သို့သော် အမှန်တကယ် ထင်သာမြင်သာရှိရှိလုပ်ဖို့လိုတယ်၊ ဒီကိစ္စကို ဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရပါဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနရယ်၊ သက်ဆိုင်ရာ လေကြောင်းလိုင်းကိုင်ထားတဲ့ ကုမ္ပဏီအားလုံးရယ်၊ လူမှုအဖွဲ့အစည်းတွေရယ် ပေါင်းစည်းပြီးတော့မှ မီဒီယာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြည်တွင်းမှာလည်းလုပ်မယ်၊ ပြည်ပမှာလည်း လုပ်မယ်၊ အဓိကကတော့ ပြည်တွင်းခရီးသည်ထက်ကို ပြည်ပမှာရှိတဲ့ သံရုံးတွေနဲ့ဆက်စပ်ပြီးတော့ မြန်မာ့လေကြောင်းလိုင်းကို မြှင့်တင်နေတယ်ဆိုတဲ့အဖြေမျိုးကို လိုချင်တာပါ၊ နိုင်ငံတကာက မြန်မာ့လေကြောင်းလိုင်းတွေကို ယုံကြည်မှု များများစားစား ရောက်လာမှာပါ၊ သို့သော် ဒီဖြစ်စဉ်လေးဟာ နိုင်ငံခြားသားဝင်ရောက်မှုအတွက် အတိုင်းအတာတစ်ခုအထိတော့ ထိခိုက်နိုင်တယ်၊ ယုံကြည်မှုတည်ဆောက်ပေးနိုင်ရင် အားလုံးဝင်လာမယ်၊ ဝင်လာရင် အောင်မြင်သွားမယ်၊ ဒါကြောင့် ဝန်ကြီးဌာနက ဖြေတာနဲ့ပတ်သက်လို့ ဒီထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဖို့တော့လိုတယ်၊ ဖြေတဲ့အထဲမှာ မပါဘူး၊ ဒီနေ့ရှင်းလင်းပွဲလုပ်မယ်လို့တော့ပြောတယ်၊ ရှင်းလင်းမယ်ဆိုတာက လေယာဉ်ပျက်ကျတဲ့အကြောင်းအရာကို ရှင်းလင်းမှာဖြစ်ပါတယ်၊ ကျွန်တော်လိုချင်တဲ့အဖြေက ဒါမဟုတ်ဘူး၊ လိုချင်တဲ့အဖြေက လေယာဉ်ကွင်းတွေရဲ့ အခြေအနေ၊ လေယာဉ်တွေရဲ့အခြေအနေ၊ ပိုင်းလော့တွေရဲ့ အခြေအနေတွေပါ၊ အခုပျက်ကျသွားတဲ့လေယာဉ်က သက်တမ်း (၂၁)နှစ်ရှိပြီ၊ လေယာဉ်မောင်တွေနဲ့ လေယာဉ်မယ်တွေလည်း အရည်အချင်းရှိဖို့လိုပါတယ်၊ ဒါကြောင့် ဝန်ကြီးဌာနရဲ့အဖြေဟာ အနည်းငယ်လိုသေးတယ်လို့ပြောရမှာဖြစ်ပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

ယနေ့ အစည်းအဝေးတွင် **တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍"တိုင်းဒေသကြီး/ပြည်နယ်တွေက လူမျိုးစုတွေကို ကိုယ်စားပြုတဲ့ ဝန်ကြီးတွေအတွက် သီးသန့်ပြင်ဆင်ပေးတဲ့ ဥပဒေကြမ်းဖြစ်ပါလိမ့်မယ်၊ ဒါကကောင်းပါတယ်၊ တိုင်းဒေသကြီး/ပြည်နယ်တွေက လူမျိုးစုတွေကို ကိုယ်စားပြုတဲ့ ဝန်ကြီးတွေအနေနဲ့လည်း တခြားသောဝန်ကြီးများနည်းတူ ခံစားပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိဖို့လိုပါတယ်။

ဥပမာဆိုပါစို့၊ ရခိုင်လူမျိုးကိုကိုယ်စားပြုတဲ့ဝန်ကြီးဆိုပြီးတော့ သူသည် ရခိုင်လူမျိုးကိစ္စတစ်ခုတည်းကိုပဲ သူလုပ်ရမှာလား၊ ဒါမှမဟုတ် အဲဒီပြည်နယ်အတွင်းမှာရှိတဲ့ လုပ်ငန်းတွေအားလုံးကိုရော သူနဲ့မသက်ဆိုင်ဘူးလား၊ ကျွန်တော့်အမြင်ကတော့ သက်ဆိုင်တယ်လို့ယူဆတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် လုပ်ရမှာပဲ၊ အဲဒီတော့ ကျွန်တော့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများနည်းတူ အားလုံးက ခံစားခွင့်ရှိရမယ်လို့ ကျွန်တော်တို့ယူဆတယ်၊ ဒါကြောင့် ဒီဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းလိုက်တာ အင်မတန်ကောင်းပါတယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက်လည်း အချက်အလက်ကောင်းတစ်ခုဖြစ်ပါလိမ့်မယ်"ဟု ရေဖြူမဲဆန္ဒနယ်မှ **ဦးဝင်းဦး** က ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးပြန်လည်ဖွဲ့စည်းရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးမြသိန်း၊ တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးမြသိန်းနှင့်တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးမြင့်လွင်တို့၏ အမည်စာရင်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ ယနေ့ရက်စွဲဖြင့် သဝဏ်လွှာပေးပို့ရန်ရှိကြောင်း လွှတ်တော်သို့ အသိပေးဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

တိုင်းဒေသကြီးနှင့်ပြည်နယ်ဟူ၍ သုံးစွဲနေခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၁)ခုဖြင့် ကျင်းပပြီး မေးခွန်း(၅) ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် အဆို(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **ယခုတိုင်းဒေသကြီးနှင့် ယခင်အခေါ်တိုင်း(Status)အဆင့်တူ/မတူ၊ ယခု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "ဝ" တိုင်းနှင့် ယခင်အခေါ်တိုင်းများအဆင့်(Status)တူ/မတူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (Status)တူ/မတူ သိရှိလိုခြင်း** မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)တွင် "ရှိရင်းစွဲ တိုင်း(၇)တိုင်းကို တိုင်းဒေသကြီး(၇)ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ်(၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်"ဟု ဖော်ပြထားပြီးဖြစ်သည့်အတွက် "ယခုတိုင်းဒေသကြီးနှင့်ယခင်အခေါ်တိုင်း"အဆင့်အတန်းတူညီမှုရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဇ) တွင် " တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်ပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်စုစည်းသည်" ဟု ဖော်ပြပါရှိထားခြင်းကြောင့် ယခုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "ဝ" တိုင်းနှင့် ယခင်ခေါ်ဝေါ်သုံးစွဲခဲ့သော တိုင်းများအဆင့်အတန်းတူညီမှုမရှိသည်ကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခင်အစိုးရအဆက်ဆက်တွင် ပြည်နယ်နှင့် တိုင်းဟူ၍သာ ရေးသားသုံးစွဲခဲ့သော်လည်း ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်ဟူ၍ ရေးသားသုံးစွဲနေခြင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အတန်းသည်လည်း တူညီမှုရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **၂၀၁၂ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးဟာရှိန်းဘွေက **ဝေးလံခေါင်သီပြီး သွားလာရေးခက်ခဲသည့် မြို့နယ်များမှ ဆေးကျောင်းသားများ ရွေးချယ်ရာတွင် အောက်ခြေလက်တွေ့ဘဝနှင့် ကိုက်ညီမှုမရှိသည့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းကို မိမိဒေသမှ အောင်မြင်သူဖြစ်ရန်ဆိုသည့် မူစည်းမျဉ်းကို ပြန်လည်ပြင်ဆင်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ထောက်ခံပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးခင်မောင်ရီက "ဆေးတက္ကသိုလ်ဝင်ခွင့်နှင့်ပတ်သက်ပြီး ဝေးလံခက်ခဲ

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း မေးမြန်းစဉ်။ (သတင်းစဉ်)

တဲ့မြို့နယ် (၈၇)ခုမှာနေတဲ့ ၁၀ တန်းအောင် ကျောင်းသားများ ဆေးတက္ကသိုလ်ဝင်ခွင့်ရအောင် ကျန်းမာရေးဝန်ကြီးဌာနက ရမှတ် သတ်မှတ်ချက်အပေါ် လျှော့ပေါ့စဉ်းစားလျက်ဝင်ခွင့်သတ်မှတ်ဦးရေ၏ (၃)ရာခိုင်နှုန်းကို လက်ခံပေးရန် အချက်နှင့် ဆက်စပ်လျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်းရှိ အချို့မြို့နယ်ကျောင်းများမှ အလယ်တန်းအောင်ပြီးတဲ့ တိုင်းရင်းသား ကျောင်းသား/ကျောင်းသူများကို မိဘတွေက ပညာရေးပိုမိုကောင်းစေဖို့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ကျောင်းတွေမှာသွားထားပါတယ်။ အဲဒီကျောင်းတွေက ၁၀ တန်းအောင်တော့ ခုံအမှတ်အရ သူတို့ဟာ အထက်မှာဖော်ပြတဲ့ ဝေးလံခက်ခဲဒေသကအောင်တဲ့အနေအထားမဟုတ်တော့ဘူး။ အဲဒီအခါမှာ လျှော့ပေါ့စဉ်းစားပေးမယ့်အခွင့်အရေး မရနိုင်တော့ဘူး။ ဒါ့ကြောင့် နောက်တစ်ဆင့်ထပ်ပေါ်လာခြင်းဖြစ်တယ်။ ဒီအဆိုအတိုင်းဆိုရင် အခြားတိုင်းဒေသကြီးများမှာ ၁၀ တန်းအောင်သူဟာ ဝေးလံခက်ခဲဒေသ (၈၇)မြို့မှာ အမှန်တကယ်အခြေချနေထိုင်သော မိသားစုမှ ပေါက်ဖွားသော သားသမီးအရင်းအချာ ဟုတ်/မဟုတ် ဆိုတာကိုပါ ထပ်ဆင့်စစ်ဆေးရန် လိုပါတယ်။ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်ဆင့်ရဲ့ ထောက်ခံချက်လိုပါတယ်။ ဒါမှမဟုတ်ရင်တော့ အဲဒီဒေသခံမိသားစုထဲမှာ တူ၊တူမ၊ မွေးစားသား စသည်ဖြင့် အိမ်ထောင်စုဇယားမှာ ထည့်ပြီး ဒီအခွင့်အရေးကို ရယူရန်ကြိုးစားမှုရှိက မမျှတနိုင်ပါဘူး။ စင်စစ်တော့ ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ ဒေသကျောင်းက အောင်မြင်သူကလေးများကို အခွင့်အရေးပေးတဲ့မူ သတ်မှတ်ပေးတာကို ထပ်မံပြီး လျှော့ပေါ့စဉ်းစားပေးဖို့တင်လာတာပါ။ ဝေးလံဒေသကဆိုတော့လည်း စဉ်းစားပေးဖို့ကောင်းပါတယ်။ ဒါပေမယ့် ဆိုင်ရာဌာနက လုပ်နိုင် မလုပ်နိုင် အပေါ်မှာလည်း မူတည်တာပေါ့။ နိုင်ငံတော်ရဲ့ ရည်ရွယ်ချက်အတိုင်း မျှမျှတတဖြစ်စေချင်ပါတယ်" ဟု ၎င်းအမြင်ကို ပြောပြသွားသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်က **နယ်စပ်နှင့် တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြုလူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကိုက ထောက်ခံပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

▲ *ကျောဖုံးမှ*

စီးပွားရေး အဖွဲ့အစည်းများဆိုင်ရာ မူဝါဒ စသည့်အထောက်အကူပြု မူဝါဒများနှင့် ပေါင်းစပ်သုံးသပ်ပြီး ကောင်းမွန်သည့် အခြေခံကောင်းများ ဖန်တီးထားပြီး ဖြစ်ပါကြောင်း၊ ဤစီးပွားရေး မူဝါဒကောင်းများ အပြင် ရှိရင်းစွဲအားသာချက်များ ဖြစ်သည့်သယံဇာတကြွယ်ဝမှု၊အလုပ်လုပ်နိုင်သည့်လူဦးရေ၊ မဟာဗျူဟာမြောက်ပထဝီဝင်တည်နေရာစသည့် အချက်များကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသူများ များပြားလျက်ရှိပါကြောင်း။

ဖွံ့ဖြိုးလာသည့် ဈေးကွက်များ၊ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများသည် တစ်ပွဲတိုးစဉ်းစားခြင်းထက် ရေရှည်အကျိုးစီးပွားကိုပါ ထည့်သွင်းစဉ်းစားလာကြမည် ဖြစ်ရာ ၄င်းအချက်အား အထောက်အကူဖြစ်စေသော မူဝါဒများတွင် ကမ္ဘာ့အရပ်ရပ်မှ ရင်းနှီးမှုပြုလုပ်လိုသူများ လာရောက်အခြေချ လုပ်ကိုင်ခွင့်သည် မရှိမဖြစ် လိုအပ်လာမည် ဖြစ်ပါကြောင်း၊ ၄င်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ လွယ်ကူချောမွေ့သော ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စရပ်များ၊ လုပ်သာကိုင်သာရှိသောစီးပွားရေး ဝန်းကျင်ကောင်းများ၊ အခြေချနေထိုင်နိုင်ခွင့်နှင့် ပတ်သက်သည့် ပိုင်ဆိုင်ခွင့်ဥပဒေစသည့် လူမှုရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရေးသည်လည်း တစ်ပါတည်း ဆက်စပ်အရေးပါလာမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ (၆၇) ကြိမ်မြောက် ကုလသမဂ္ဂညီလာခံ တက်ရောက်ခဲ့သည့် အမေရိကန်ခရီးစဉ်တွင် အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသား ဟောင်းများနှင့် တွေ့ဆုံရာတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နှစ်နိုင်ငံသားခံယူသည့်စနစ် (Dual Citizenship) ကို ခွင့်ပြုထားခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်သော အခွင့်အလမ်းကောင်းများကို အသုံးချ၍ မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံများဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးလိုကြသော မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံခြားသားများအတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ခွင့်ပြုဆောင်ရွက်ပေးသွားမည့် အစီအမံရှိကြောင်းအား ထုတ်ဖော်ပြောကြားခဲ့ကာ ယင်းစနစ် အကောင်အထည်ဖော်ရန် စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လုပ်ငန်းရပ်အသီးသီးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြပါကြောင်း။

နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်တစ်ရပ် အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တစ်ဖက်ကနေ ဤစနစ်ကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသော်လည်း နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်စနစ်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးစတင်အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးတို့ကို ထိခိုက်စေခြင်း မရှိစေရန်အတွက် ဥပဒေရှုထောင့်၊ အမျိုးသားရေးရှုထောင့်၊ နိုင်ငံတကာ ရှုထောင့် စသည့် ရှုထောင့်အမျိုးမျိုးမှ စနစ်တကျ လေ့လာသုံးသပ် အကြံပြုဆွေးနွေးသွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ အတွေ့အကြုံများကို အခြေခံပြီး ပညာရှင်များနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ပြင်ဆင်ချက်၊ အကြံပြုချက်များဖြင့် ပြုစုထားသည့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) (PR)စနစ်မူကြမ်းပါ အချက်အလက်များကို ရှင်းလင်းပြောကြားကာ ထပ်မံဖြည့်စွက်ပြင်ဆင်ပြုပြင် ဆွေးနွေးရန်ရှိသည့် အချက်အလက်များ၊ ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) (PR)စနစ် လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) (PR)စနစ် မူကြမ်းအပေါ် ဝန်ကြီးဌာနအသီးသီး၏ သဘောထားများနှင့် ပြင်ဆင်အကြံပြုချက်များကို တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးနိုင်ရန် တစ်ပိုဒ်ချင်းစီ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) (PR)စနစ် မူကြမ်းအပေါ် အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အစည်းအဝေး တက်ရောက်လာကြသူများ၏ ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး မိမိတို့နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုကာ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လာရောက်နေထိုင်၍ စီးပွားရေး လုပ်ကိုင်နိုင်ရေးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ မိမိနိုင်ငံအတွက် အကျိုးပြုဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) (PR) စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

(သတင်းစဉ်)

နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁

နားမကြားသူများ ဒေသအလိုက် ကွဲပြားနေသည့် Sign Language များကို ဓာတ်ပုံမှတ်တမ်း၊ Video မှတ်တမ်းများ ပေါင်းစပ်ရယူပြီး ခွဲခြမ်းစိတ်ဖြာခြင်း၊ စံနှုန်းသတ်မှတ်ခြင်း၊ နားမကြားသူများနှင့် ဘာသာစကား၊ Sing Language သဒ္ဒါဖွဲ့စည်းပုံကို လေ့လာပြီး စာအုပ်ပြုစုဖြန့်ချိခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (United Nations Convention of Rights for People with Disable UNCRPD) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူစာချုပ်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မသန်စွမ်းဥပဒေမူကြမ်းကိုရေးဆွဲပြီး သက်ဆိုင်ရာဥပဒေပြုခွင့်ရှိသည့် အထက်အဆင့်ဆင့်သို့ တင်ပြထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးရရှိရေး ဆောင်ရွက်ရာတွင် နားမကြားသူများလည်း အခြားမသန်စွမ်းသူများနည်းတူ အခွင့်အရေးရရှိခံစားနိုင်ရန် ဤသင်တန်း၏ ဆောင်ရွက်မှုများသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ မိမိတို့ဌာနကလည်း JICA နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှရရှိလာသည့်အောင်မြင်မှုများကိုရေရှည်ဆောင်ရွက်နိုင်ရန် Sign Language ဘာသာပြန်အဆင့်ထိ မွေးထုတ်နိုင်ရန် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေး သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ် မြတ် မြတ် အုန်းခင် နားမကြားသူများ လူ့အသိုင်း အဝိုင်း အတွင်း ဝင်ဆံ့နိုင်မှု မြှင့်တင်ရေး သင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် JICA မြန်မာရုံးမှ Senior Chief Representative Mr. Kyosuke Inada က နှုတ်ခွန်းဆက် စကားပြောကြားသည်။

သင်တန်းကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၌ တစ်နှစ်ခွဲကြာ ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဲပုဂံလေယာဉ်ပျက်ကျမှုအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လေယာဉ်မှူး၏ တာဝန်သာ ဖြစ်ကြောင်းရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြီးခဲ့သည့် ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဟဲဟိုးလေဆိပ်သို့ ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားခဲ့သည့် အဲပုဂံလေယာဉ်ပျက်ကျမှုအတွက် လိုအပ်သည့် စစ်ဆေးမှုများကို စစ်ဆေးအပြီး သတင်းစာရှင်းလင်းပွဲတစ်ခုကို ယနေ့တွင် ရန်ကုန်မြို့ လေကြောင်းပညာသိပ္ပံခန်းမ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို လေယာဉ်ပျက်ကျမှုအပြီး အသေးစိတ် အခြေအနေများကို သိရှိနိုင်ရန်အတွက်လေယာဉ် Black Box ကို ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ Australian Transport Safety Bureau (ATSB) တွင် ဇန်နဝါရီ ၁၈ ရက်က အထူးစုံစမ်းစစ်ဆေးရေးခုံရုံး တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် ပြန်လည်ရောက်ရှိလာကာ ယခုကဲ့သို့ အများပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ရှင်းလင်းတင်ပြရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဆွေထွန်းက "ဆင်းသက်တဲ့ နေရာမှာ ကွင်းကိုတော့မြင်ရတယ်။ ဒါပေမယ့် ပြေးလမ်းနဲ့ ဆင်းတဲ့အပိုင်းကြားမှာ မြူတွေဖုံးနေတယ်။ ဆင်းသက်ရမယ့် နေရာတစ်ခုလုံးကိုတော့ ဖုံးတာမဟုတ်ပါဘူး။ ဒါပေမယ့် လေယာဉ်ဝင်တိုက်ခဲ့တဲ့ ဓာတ်အားလိုင်းတွေရှိနေတဲ့ သစ်တောအုပ်ဝန်းကျင်မှာ မြူတွေပိတ်နေတာပါ။ မျက်မြင်နေရာကနေ ချိန်ကွင်းကို ကြည့်ပြီး အဓိကဆင်းသက်တဲ့ အချိန်မှာတော့ ဆုံးဖြတ်ချက်က မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို မချမှတ်နိုင်ခဲ့ပါဘူး။ အဓိကအနေနဲ့ကတော့ခရီးသည်တွေအတွက် မိနစ်ဝက်လောက်အတွင်း လုပ်သင့်တဲ့ ဆုံးဖြတ်ချက်ကို မလုပ်နိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်။ အဲဒီအချိန်အတွင်းမှာ လေယာဉ်မှူးတွေဘက်က မြူတွေဖြတ်ရမယ်ဆိုပြီး မြေပြင်နဲ့ဆက်သွယ်ပြောဆိုထားတာ ရှိပါတယ်။ အဲဒီလိုဆက်သွယ်နေတဲ့ အချိန်မှာ မြေပြင်နဲ့လေယာဉ်က ပေ ၅၀၀ အထက်မှာရှိနေတာပါ။ အဲဒီ ပေ ၅၀၀ ကနေ ထိခိုက်မှုဖြစ်တဲ့ အချိန်ကွာခြားချိန်က ၃၅ စက္ကန့်ပဲ ကြာခဲ့ပါတယ်"ဟု သတင်းစာ ရှင်းလင်းပွဲအတွင်း ရှင်းလင်းဖြေကြားသည်။

ဩစတြေးလျနိုင်ငံသို့ သွားရောက် စုံစမ်းစစ်ဆေးမှုခံယူပြီးသည့် Black Box ကို ရရှိလာခဲ့သည့် အဖြေများအရ အဆိုပါလေယာဉ်မှာ စက်ချွတ်ယွင်းခြင်း၊ လေယာဉ်ကွင်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၁၃ (စနေနေ့)

- ၅:၀၀ MRTV-4 အဖွင့် Logo
- ၅:၁၀ **ဆွမ်းတစ်နပ်၏ တန်ဖိုး တရားတော်** (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင် ပညိဿရာဘိဝံသ)
- ၆:၀၀ Morning @ MRTV-4
- ၇:၃၀ MRTV-4 သတင်း
- ၉:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၇)
- ၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **The Sign of Love (အချစ်သင်္ကေတ)** (အပိုင်း-၁၃)
- ၃:၃၀ Word on the Street
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၇)
- ၅:၃၅ Fashion Week [Make-up &Designer Khin San Win, Thu Zar (MDY)] (Part-1)
- ၆:၀၀ MRTV သတင်း
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၈၉)
- ၇:၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၅ Let's Talk It
- ၉:၂၅ Barclays PremierLeague **Arsenal Vs Stoke City**
- ၁၂:၀၅ World of Knowledge (Expedition Wild; Grizzly Encounters)
- ၄:၄၅ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မည် ပေါ်တော်မူစေတီ

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Arsenal -Stoke City	(Star Sports)(MRTV-4)

Spain Laliga ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၅	Espanyol -Levante	(Star Sports)
၃:၂၅	Granada - Real Madrid	(Star Sports)

ပြည်တွင်းသတင်း

သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများ အဆင့်မြှင့်တင်ရေးနှင့် သက်မွေးပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတော်အစိုးရ၏ တိုင်းပြည်တည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Political Reform, Economic Reform, Administrative Reform နှင့် Social Reform စသည့်ကဏ္ဍများတွင် သမဝါယမဝန်ကြီးဌာန အနေဖြင့်လည်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည်ချက် နှစ်ရပ်၊ လုပ်ငန်းစဉ် ငါးရပ်တို့ကို ချမှတ်လျက် ဟန်ချက်ညီစွာ အကောင်အထည်ဖော်လျက်ရှိရာ ကျေးလက်ဒေသနှင့် မြို့ပြနေအခြေခံလူတန်းစားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Microfinance လုပ်ငန်းစဉ်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သမဝါယမတက္ကသိုလ်များ၊ ကောလိပ်များနှင့် သမဝါယမ သင်တန်းကျောင်းများအား အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ Vocational Training သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် နည်းပညာ၊ သင်တန်းဆရာနှင့် သင်ထောက်ကူပစ္စည်းလိုအပ်ချက်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဩစတြီးယားနိုင်ငံ ကုန်သည်ကြီးများ အသင်းဆိုင်ရာ စီးပွားရေးဝန်ကြီး Dr. Christoph Leitl၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး Dr. Johannes PETERILK နှင့် အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဩစတြီးယားနိုင်ငံ Anita Asia Ltd. တို့ မြေငှားစာချုပ် ငါးနှစ်သက်တမ်းတိုးမြှင့်မှု သဘောတူစာချုပ်ကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေနှင့် Anita Asia Ltd. မန်နေဂျာ Mr. Stephan Seidel တို့က လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဩစတြီးယားနိုင်ငံ ကုန်သည်ကြီးများအသင်းဆိုင်ရာ စီးပွားရေးဝန်ကြီး Dr. Christoph Leitl နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အများပြည်သူဝန်ဆောင်မှုသတင်းစာ ပညာသင်တန်း (၁/၂၀၁၂)ဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁

အများပြည်သူ ဝန်ဆောင်မှု သတင်းစာပညာသင်တန်းကို အနာဂတ်မြန်မာနိုင်ငံတွင် ဘက်လိုက်မှုမရှိဘဲ နိုင်ငံနှင့် အများပြည်သူ၏ အကျိုးစီးပွားကို ဖော်ပြမည့်စတုတ္ထမဏ္ဍိုင်ပီသသော၊ လွတ်လပ်သည့် အများပြည်သူဝန်ဆောင်မှု သတင်းစာများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်ရန်၊ ဂုဏ်သိက္ခာရှိသော၊ တိကျခိုင်မာသော၊ မျှတသော၊ ဓမ္မဓိဋ္ဌာန်ကျသော သတင်းများကို ရေးသားဖော်ပြနိုင်သည့် သတင်းစာပညာရှင်များ ပေါ်ထွက်လာစေရန်၊ သတင်းစာကျင့်ဝတ်နှင့် ညီညွတ်သော နိုင်ငံတကာအဆင့်မီ သတင်းမီဒီယာပညာ ပြည်သူ့ဝန်ဆောင်မှု သတင်းစာဆရာများအကြား ပြန့်ပွားလာစေရန်၊ ပြည်သူ့ဝန်ဆောင်မှု သတင်းစာဆရာ တစ်ဦးချင်းသည် ပုဂ္ဂလိက၊ မီဒီယာများ၏ သတင်းစာဆရာများနှင့် ရင်ပေါင်တန်းသတင်းရယူပေးပို့နိုင်သူများအဖြစ် စာဖတ်သူများ အကျိုးစီးပွားကို အလုပ်အကျွေးပြုနိုင်ရန်၊ ပြည်သူ့ဝန်ဆောင်မှု သတင်းစာပညာသင်တန်းကို အောင်မြင်စွာ တက်ရောက်ပြီးစီးသည့် သတင်းစာသင်တန်းသားများ အနေဖြင့် သတင်းရယူခြင်း၊ သတင်းရေးသားခြင်း၊ သတင်းစာ ဆရာများနှင့် သက်ဆိုင်သည့် ဥပဒေပညာကို တတ်သိနားလည်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို အများပြည်သူဝန်ဆောင်မှု သတင်းစာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ စတင်ကာ သင်ကြားပို့ချပေးခဲ့ကြသည်။ အများပြည်သူ ဝန်ဆောင်မှု သတင်းစာပညာ သင်တန်း (၁/၂၀၁၂) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အများပြည်သူဝန်ဆောင်မှု သတင်းစာ အုပ်ချုပ်ရေးအဖွဲ့ သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် အများပြည်သူဝန်ဆောင်မှု သတင်းစာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲတင့်က အမှာစကားပြောကြားပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ အများပြည်သူဝန်ဆောင်မှု သတင်းစာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၁

မီးသတ်ဦးစီးဌာန အနေဖြင့် နိုင်ငံတစ်ဝန်း၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မီးမလောင်မီနှင့် မီးလောင်နေစဉ်အချိန်များတွင် လုပ်ဆောင်သင့်သည်များကို ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးမှ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုများကို ဇန်နဝါရီ ၂၉ ရက်မွန်းလွဲပိုင်းတွင် သပြေကုန်းဈေး၌ ပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် ယနေ့မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန်မီးဘေးလုံခြုံရေးအတွက်ဖြစ်ပြီး မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူကြရန်၊ တစ်ယောက်အားဖြင့် မစွမ်းသာက စုပေါင်းကာကွယ်ရန်နှင့် မီးလောင်စေတတ်သည့် အခြေခံအချက်များ၊ မီးအတန်းအစားခွဲခြားနည်းများ၊ မီးငြိမ်းသတ်နည်းများကို နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကြပြီး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

(ကျော်သူထက်)

ရန်ကုန် – မန္တလေးအမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အကြံပြုသတိပေးချက်

၁။ ယာဉ်မောင်းသူသည် ယာဉ်မောင်းအတွေ့အကြုံရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။

၂။ မော်တော်ယာဉ်ကို တစ်နာရီလျှင် ၆၀ မိုင် (သို့မဟုတ်) ၁၀၀ ကီလိုမီတာနှုန်းထက် ပိုမမောင်းရ။

၃။ ယာဉ်မောင်းများ အရက်သေစာနှင့် မူးယစ်ဆေးဝါးများသုံးစွဲ၍ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်မောင်းစဉ် ယာဉ်မောင်းသူ အိပ်မငိုက်ရ။ (လိုအပ်ပါက အလှည့်ကျမောင်းနှင်သည့်စနစ်အားကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်က များပါသည်။)

၅။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့်မော်တော်ယာဉ်ကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များ ကောင်းမွန်ရမည်-

(က) မော်တော်ယာဉ်အောက်ပိုင်း တိုက်ရှော့၊ ဘောလ်ဂျွိုင်းများ ကောင်းမွန်ရမည်။

(ခ) မော်တော်ယာဉ်ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသော တာယာများ ကောင်းမွန်ရမည်။ (တိုက်ဆွေးနှင့်သက်တမ်းလွန် တာယာများမဖြစ်ရေးအထူးဂရုပြုရမည်။)

(ဃ) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ်သည်ထက် ပိုမဖြည့်ရ။

(င) မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများ ကောင်းမွန်ရမည်။

(စ) ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသော မီးများ၊ ရောင်ပြန်များကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/ နောက်အချက်ပြမီး)

၆။ မိုးရွာသည့်အချိန်တွင် ယာဉ်ကိုအရှိန်လျှော့၍ မောင်းနှင်ရမည်။

၇။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သော အန္တရာယ်ကို အထူးသတိထား၍ လိုအပ်ပါက ယာဉ်ကိုအချိန်မီအရှိန်လျှော့၍ မောင်းနှင်နိုင်ရမည်။
(ဥပမာ-ရှေ့တွင်ရပ်ထားသည့် ယာဉ်၊ ဖြတ်သန်းသွားသည့် လူ၊ ကျွဲ/ နွားတိရစ္ဆာန်၊ ရေအိုင်၊ လမ်းကွေ့နှင့် တံတားများ)

၈။ ယာဉ်ကျော်တက်ရာတွင် လမ်းလုမောင်းနှင် ကျော်တက်ခြင်းမပြုရ။

၉။ သတ်မှတ်ထားသော လမ်းစည်းကမ်းကို စနစ်တကျလိုက်နာပြီး လမ်းတစ်လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရမည်။

မှတ်ချက်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဂိတ်များတွင် နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက်မှတ်တမ်းအရ ပျမ်းမျှ မော်တော်ယာဉ်စီးရေ ၁၀၀၀၀ ခန့်၌ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုမှာ တစ်စီး၊ နှစ်စီးခန့် တွေ့ရှိရ၍ ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် ၀ ဒသမ ၀၂ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် မော်တော်ယာဉ်၏ အခြေအနေနှင့် လမ်း၏အခြေအနေကို သုံးသပ်၍ သင့်လျော်သည့်အရှိန်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သည့် ကျွမ်းကျင်သော ယာဉ်မောင်းသူကိုသာ ယုံကြည်စွာတာဝန်ပေးအပ်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ဟဲဟိုးလေဆိပ်သို့ ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားခဲ့သည့် အဲပုဂံ လေယာဉ်ပျက်ကို ဤသို့တွေ့ရစဉ်။ (မြန်မာ့အလင်း)

မှားယွင်းဆင်းသက်ခြင်း၊ အကြမ်းဖက်ဖောက်ခွဲခံရခြင်း၊ လေယာဉ်စက်ချွတ်ယွင်းခြင်း၊ flight control နှင့်ပတ်သက်၍မှားယွင်းခြင်းစသည့် လက္ခဏာများ မတွေ့ရှိခဲ့ရကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရှိရသည်။

အဆိုပါ Air Bagan လေကြောင်းလိုင်း၏ လေယာဉ်အမှတ် XY-AGC သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ စတင်ထွက်ခွာလာခဲ့ပြီး မောင်းနှင်သူမှာ လေယာဉ်မှူးဖြစ်ကြောင်း၊ မန္တလေးမှ ဟဲဟိုးသို့ ဆက်လက်ထွက်ခွာရာတွင် မောင်းနှင်သူမှာ တွဲဖက်လေယာဉ်မှူးဖြစ်ပြီးလေယာဉ်မောင်းနှင်မှု အားလုံး၏ သုံးသပ်မှုများနှင့် အရေးကြီးသည့် ဆုံးဖြတ်ချက်များအား အဓိကတာဝန်ရှိသူမှာ လေယာဉ်မှူးပင်ဖြစ်ကြောင်း သိရှိရသည်။

“အဲဒီနေ့နံနက်ပိုင်းမှာပဲ ဟဲဟိုးကို နောက်ထပ်လေယာဉ်ဆင်းသက်ဖို့ နှစ်စင်းကပ်ပါလာပါသေးတယ်။ အဲဒီ အကြောင်းအရင်းကလည်း လေယာဉ် မောင်းနှင်သူအတွက် မဖြစ်မနေ ဆင်းရမယ်ဆိုတဲ့အသိနဲ့ ဆင်းသက်ခဲ့ပုံလည်း ရပါတယ်။

အခုတော့ လေယာဉ်မှူးနဲ့ တွဲဖက်လေယာဉ်မှူးတို့ရဲ့ အမှားကြောင့်လို့ ယူဆရပါတယ်။ နောက်ဆုံးဆင့်အနေနဲ့ ဆုံးဖြတ်မှုပြီးစီးသွားရင်တော့ အရေးယူမှုအပိုင်းတွေကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကနေ သတ်မှတ်ထားတဲ့ ဥပဒေနဲ့အညီ အရေးယူသွားဖို့ရှိပါတယ်”ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌက ပြောကြားသည်။

“လေယာဉ်မှူးရဲ့ ဆုံးဖြတ်ချက်က အလွန်ကို အရေးကြီးပါတယ်။ လေယာဉ်ပေါ်က ခရီးသည်တွေအားလုံးရဲ့အသက်ဟာ သူ့ရဲ့လက်ထဲမှာပဲရှိတယ်။ မော်တော်ယာဉ်မောင်းနှင်တာထက် ပိုပြီးအန္တရာယ်များပါတယ်။ လေယာဉ်တစ်ခုခုဖြစ်ပြီဆိုတာနဲ့ ၈၀ ရာခိုင်နှုန်းက ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်ခြေများပါတယ်။ မတော်တဆဖြစ်မှုဆိုတာထက် သတိထားမှုအားနည်းခဲ့တဲ့အတွက်လို့ ယူဆရပါတယ်။ နောက်ပိုင်းမှာတော့ လေကြောင်းလိုင်းအားလုံးက ပိုင်းလော့တွေ အထူးသတိထားဖို့ လိုအပ်ပါတယ်။ မဖြစ်သင့်တာကို မဖြစ်စေဖို့အတွက် အရေးကြီးပြီး အန္တရာယ်ရှိတဲ့အခြေအနေတွေမှာ လေယာဉ်မှူးကိုယ်တိုင် မောင်းနှင်သင့်တယ်။ ကျန်တဲ့ မြေပြန့်ခရီးစဉ်တွေလောက်ကိုသာ တွဲဖက်ကို မောင်းနှင်ခိုင်းသင့်တယ်”ဟု စာနယ်ဇင်းသမားတစ်ဦးက သူ့အမြင်ကို ပြောကြားသည်။

လေယာဉ်မှူး၏ အပြစ်ရှိကြောင်း ထင်ရှားပါက ချမှတ်ခံရနိုင်သည့် ပြစ်ဒဏ်များအနေနှင့် လေယာဉ်ပျံသန်းခွင့်လိုင်စင် ရုပ်သိမ်းခြင်း၊ ရာထူးအဆင့် လျှော့ချခြင်းများပြုလုပ်ခံရဖွယ်ရှိကြောင်း အဆိုပါ အခမ်းအနားသို့ တက်ရောက်သည့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောကြားသည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ဟဲဟိုးလေဆိပ်သို့ ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားခဲ့သည့် အဲပုဂံ လေယာဉ်ပျက်ကို ဤသို့တွေ့ရစဉ်။ (မြန်မာ့အလင်း)

အဲပုဂံ လေယာဉ်ပျက်ကျခဲ့မှုကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာခဲ့သည့် ဧည့်လမ်းညွှန်တစ်ဦးနှင့် မြေပြင်ပေါ်ရှိ ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦးတို့ သေဆုံးခဲ့ကာ ကျန်ရှိသည့် ခရီးသည်များကိုလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ရကြောင်း သိရှိရသည်။

ခင်လေးမြင့်အောင်

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဈေးကွက်နှင့်မှုခင်း

လူငယ်နှင့် ဆေးလိပ်အန္တရာယ်

မောင်လူသန့်

လူ့ဘဝသည် ရခဲလှပေ၏။ ရခဲလှသော လူ့ဘဝတွင် အသက်ရှည်ရှည်နေတတ်ရန် အဘက်ဘက်က ကြိုးစားအားထုတ်ရမည်။

လူ့လောက၌ အသက်ရှင်နေထိုင်သမျှကာလပတ်လုံး လူတိုင်းသည် မည်သည့်အကြောင်းအရာကိစ္စတို့၌မဆို အတွေ့အကြုံများ ရယူထားသင့်ပေသည်။ အတွေ့အကြုံသည် ဘဝ၏ ဆရာ၊ အတွေ့အကြုံသည် ဘဝ၏ လမ်းညွှန်၊ အတွေ့အကြုံသည် ဘဝ၏ ဦးဆောင်သူဖြစ်သည်ဟု ခံယူထိုက်ပေသည်။

လောကီလောကုတ်တို့၌ ဗဟုသုတ အကြားအမြင်များခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ရှင်တော်ဗုဒ္ဓက ဟောကြားခဲ့ဖူးလေသည်။ ထိုဗဟုသုတ အကြားအမြင်များသည် အတွေ့အကြုံများအပေါ် အခြေခံသည်။ အတွေ့အကြုံများလေ ဗဟုသုတအကြားအမြင်လည်း များလေဖြစ်သည်။ ထို့ကြောင့်အတွေ့အကြုံများရန်လိုအပ်သည်။ ဤသည်မှာ လူငယ်များအတွက် လမ်းညွှန်မှုပင်ဖြစ်သည်။

လူငယ်ဟူသည် မလုပ်ဖူးသည်ကို လုပ်ချင်တတ်ကြသည်။ မရောက်ဖူးသည့်နေရာသို့ ရောက်ချင်တတ်ကြ၏။ လူငယ်များ၏ သဘာဝကသည်သို့ပင်တည်း။ မိမိတို့အတွက် အန္တရာယ်ဖြစ်မည်ကို ဂရုမစိုက်၊ အလေးမထားပေ။ လူငယ်များ လက်တည့်စမ်းလိုသည့် ဆိုးကျိုးတစ်ခုမှာ ဆေးလိပ်သောက်သုံးခြင်းပင်ဖြစ်၏။

ဆေးလိပ်ကို လုံးဝမသောက်တတ်သေးလျှင် မသောက်သည်မှာ ကောင်း၏။ သောက်တတ်ပြီးမှ ဆေးလိပ်ဖြတ်လျှင်ခက်၏။ ဆေးလိပ်တွင်ပါသော နီကိုတင်းဓာတ်သည် ဆေးလိပ်သောက်သူကို စွဲလမ်းသွားစေ၏။ ဆေးလိပ်တစ်လိပ် စမ်းသောက်ကြည့်မိရာမှ ဆေးလိပ်စွဲသူအဖြစ်သို့ ရောက်ရှိသွားသူ အများအပြားရှိ၏။ ထို့ကြောင့် လုံးဝမသောက်သည်မှာ အကောင်းဆုံးဖြစ်၏။

ဆေးလိပ်ကို မည်သည့်အသက်အရွယ်မှစ၍ သောက်သုံးသနည်းဟု စစ်တမ်းကောက်ကြည့်လျှင် ဆယ်ကျော်သက် လူငယ်လူရွယ်ဘဝတွင် ဆေးလိပ်စသောက်ကြသည်ကို တွေ့ရှိရပေလိမ့်မည်။ ဆယ်ကျော်သက်ဘဝတွင် ဆေးလိပ် စမ်းသောက်ကြည့်ရာမှ တစ်သက်လုံး ဆေးလိပ်သောက်သူဖြစ်ခဲ့ရသလို ရှောင်ကြဉ်နိုင်သူများအဖို့ ဆေးလိပ်နှင့် ကင်းဝေးရသူများလည်းရှိ၏။ အချို့သောလူကြီးမိဘများသည် အရွယ်ရောက်ကာစ ရင်သွေးငယ်များအား ဆေးလိပ်မီး ညှိခိုင်းရာမှ တစ်ဆင့် လူငယ်များ ဆေးလိပ်သောက်တတ် သွားသည်များလည်း ရှိကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ် လူဦးရေ ခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲနေသဖြင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားခြင်းစသည်တို့ကြောင့် အချိန်မတိုင်မီ သေဆုံးလျက်ရှိသည်။ ယင်းတို့အနက် လူဦးရေ ခြောက်သိန်းကျော်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရ၍ ရောဂါများဖြစ်ပွားပြီး သေဆုံးနေကြရသည်။ ယင်းတို့၏ လေးပုံတစ်ပုံသည် ကလေးများဖြစ်ကြသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း(သို့မဟုတ်) သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းတို့ကြောင့် မိခင်ရောကလေးပါ အလွန်ဆိုးရွားသော ကျန်းမာရေး ထိခိုက်မှုများ ဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် ဆေးလိပ်သည် မိမိအတွက်နှင့် အများအတွက်လည်း ကျန်းမာရေး ထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးခြင်းကို ဖြတ်ကြရေး၊ ဆေးလိပ်များ ရောင်းချနေခြင်းကို ရပ်ကြရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးနေပြီဖြစ်သည်။

ဤသို့သတိပေးနေချိန်တွင် ဆေးလိပ်ကို လုံးဝမသောက်တတ်ကြသေးသော လူငယ်လူရွယ်များအနေဖြင့် ဆေးလိပ်ကို စမ်းပြီးမသောက်သင့်ပါ။ ဆေးလိပ်သည် လူကို စွဲလမ်းစေစေပါသည်။ ဆေးလိပ်တစ်လိပ်စမ်းသောက်ကြည့်ရာက အစပြု၍ ဆေးလိပ်သောက်သုံးသူ ထောင်သောင်း မကတိုးပွားသွားနိုင်သည်။ ထို့ကြောင့် လူငယ်လူရွယ်တို့အနေဖြင့် မိမိအတွက်လည်း အကျိုးမရှိ၊ အများအတွက်လည်း အကျိုးယုတ်စေသည့် ဆေးလိပ်သောက်ခြင်းကို လုံးဝ(လုံးဝ) မစမ်းမိကြစေရန် စေတနာကောင်းဖြင့် အသိပေးရေးသားလိုက်ရပေသည်။

ရခိုင်ပြည်နယ် ကွမ်းသီးဈေးကွက် အရောင်းအဝယ်ပါး

ရခိုင်ပြည်နယ်တွင် ကွမ်းစားသူများ ဦးရေသည် နှစ်အလိုက်မျက်မြင်ကိုယ်တွေ့ အခြေအနေအရ သုံးသပ်ရသော် တစ်စတစ်စ တိုးတက်မြင့်မားလာကြောင်း မြင်တွေ့သည်။

ကွမ်းဈေးသည် တစ်စတစ်စ မြင့်လာသော်လည်း ကွမ်းသီးဈေးကား အေးအေးဆေးဆေး။ ကွမ်းသီးပွဲရုံများ၊ လက်လီရောင်းဆိုင်များ၌ အရောင်းအဝယ်ပါးနေကြောင်း တွေ့ရသည်။ ကွမ်းသီးပေါ်စ အသစ်အခွံချွတ် ၂၅ ပိဿာ (ရခိုင် အခေါ် တစ်မောင်းတောင်း)ကို ကျပ် ၄၀၀၀၀၊ ကွမ်းသီးဟောင်း ကျပ် ၄၅၀၀၀ ရှိခဲ့သည်။ ယခုကွမ်းသီးများ အစိုဓာတ် ခန်းခြောက်သွားသော ရာသီရောက်ပြီဖြစ်သော်လည်း ကွမ်းသီးနှင့်အတူ ဈေးနှုန်း ခြောက်နေသည်။ ဇန်နဝါရီ ၃၁ရက် ဈေးဖွင့်ချိန် ကွမ်းသီးတစ်မောင်း ကျပ် ၄၅၀၀၀ဖြင့် ရောင်းနေသည်။

"ဒီနှစ်ကွမ်းသီးဈေးက တော်တော်ဈေးကျတယ်ဗျာ။ ခါတိုင်းနှစ်တွေ ခုလောက်ဆိုဈေးက ကောင်းနေပြီ။ အတက်ဘက်ရှိနေပြီလေ။ ခုတော့ ဘင်္ဂလားကို ပို့တဲ့သူတွေလည်း အလုပ်မဖြစ်ဘူး။ မောင်တောကနေပြီး နေ့ချင်းပြန် ဘင်္ဂလားဒေ့ရှ်ကို သွားပြီးရောင်းတဲ့ အထမ်းသမားတွေလည်း ခါတိုင်းထက် လျော့သွားတော့ ကွမ်းသီးဈေးမတက်တာပါ။ နယ်မှာတော့ ကွမ်းသီးတွေအများကြီး ရှိကြပါတယ်။ သူတို့လည်းဈေးကို နားစွင့်နေတာပါ။ ဈေးလှုပ်လာရင်တော့ ထုတ်ရောင်းကြပါလိမ့်မယ်ထင်တယ်။ ဒီကြားထဲ ကျွန်တော်တို့ ရခိုင်ကွမ်းသီးကရိုးမအရှေ့ဘက်မှလာတဲ့ ကွမ်းသီးတွေနဲ့ ဈေးပြိုင်နေရတာလည်း ရှိပါသေးတယ်"ဟု စစ်တွေမြို့ ကွမ်းသီးဈေးမှ ပွဲရုံလုပ်ငန်းရှင် ဦးမောင်မောင်ချေက ပြောပြသည်။

လက်ကား အရောင်းအဝယ်ဈေးလည်း အရောင်းအဝယ်ပါးကာ ဈေးငြိမ်နေကြောင်း တွေ့ရှိရသည်။ ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းတွင် ကွမ်းသီးအခွံလွတ်(ရှယ်) တစ်ပိဿာ ငွေကျပ် ကျပ် ၂၈၀၀၊ အခွံနွှာပြီး ကွမ်းသီးတစ်ပိဿာ ၂၀၀၀ ကျပ်၊ ရန်ကုန်(ရှယ်) တစ်ပိဿာ ကျပ် ၃၀၀၀၊ အခွံပါ တစ်ပိဿာ ကျပ် ၂၀၀၀ဖြင့် ရောင်းချနေကြကြောင်း တွေ့ရှိရသည်။

ကွမ်းသီးဈေးသည် ခါတိုင်းနှစ်များဆိုလျှင် ဈေးတက်စပြုလာပြီဖြစ်သော်လည်း၊ ယခုနှစ်ကား ဈေးငြိမ်နေဆဲပင်။ ကွမ်းသီးလုပ်ငန်းရှင်များ၊ ကွမ်းသီးခြံပိုင်ရှင်များ၊ လက်လီရောင်းနေသူများအားလုံး ဈေးစောင့်နေကြသည်။ ကွမ်းစားသူများအနေဖြင့် ကွမ်းနည်းတူ ကွမ်းသီးပါ ဈေးပြိုင်တက်လာပါက ငွေရှာရခက်နေချိန်တွင် အပိုထွက်ငွေ များလာနိုင်ကြောင်း လေ့လာသိရှိရသမျှ တင်ပြလိုက်ရပါသည်။ **စောလွင်(စစ်တွေ)**

တောင်သူလယ်သမားများအား အကျိုးများစေသည့် ဆောင်းမြေပဲ

မိတ္ထီလာ ဖေဖော်ဝါရီ ၁

မိတ္ထီလာမြို့အရှေ့ဘက် ခြောက်မိုင်အကွာတွင် ကွက်ငယ်၊ ဒဟတ္တန်း၊ ပန်းတင်၊ ပတွန်း၊ အင်အုန်း၊ ဝါးရုံ၊ အိုင်ကြီးလည်၊ မောင်းကိုင်ရွာများရှိသည်။ ထိုကျေးရွာများတွင် တောင်သူလယ်သမားအများစု နေထိုင်ကြသည်။ တောင်သူလယ်သမား အများစုသည် စပါး၊ ဝါ၊ နှမ်း၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ မြေပဲ၊ နေကြာများ စိုက်ပျိုးကြသည်။ ထို့အပြင် ရာသီသီးနှံများကိုလည်း စိုက်ပျိုးကြသည်။

ထိုကျေးရွာများမှ တောင်သူလယ်သမားများသည် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ရာသီပေါ်သီးနှံဖြစ်သော ဆောင်းမြေပဲကို အများအပြား စိုက်ပျိုးခဲ့ကြသည်။ ဆောင်းမြေပဲကို မြေအရှိစိုက်ပျိုးကြသည်။ တစ်ဧကမှ သုံးဧကအထိ စိုက်ပျိုးကြသည်။ ဆောင်းမြေပဲစိုက်ပျိုးရာသီတွင် ရာသီဥတု ကောင်းမွန်ခြင်း၊ ကြွက်အန္တရာယ်နည်းပါးခြင်း၊ မြေသြဇာ ကောင်းမွန်ခြင်းတို့ကြောင့် ဆောင်းမြေပဲများ အောင်မြင်ဖြစ်ထွန်းခဲ့သည်။ ဆောင်းမြေပဲစိုက်ပြီး သုံးလခွဲအကြာ ယခု ပြာသိုလတွင် ဆောင်းမြေပဲများ နုတ်ပြီးပြီဖြစ်သည်။

ဆောင်းမြေပဲ အထွက်ကောင်းသဖြင့် တစ်ဧက မြေပဲအခြောက် တင်း ၂၀ မှ ၂၅ တင်း အထိထွက်ကြသည်။ မြေပဲဈေးမှာလည်း ကောင်းမွန်လှသည်။ မြေပဲအခြောက် တစ်တင်း ငွေကျပ် ၈၀၀၀မှ ၁၀၀၀၀အထိ ဈေးရနေကြသည်။ ဆောင်းမြေပဲ တစ်ဧက စိုက်လျှင် မြေပဲအခြောက် တင်း ၂၀ အနည်းဆုံးထွက်သဖြင့် ဝင်ငွေ ကျပ် ၂၀၀၀၀၀ ခန့်ရသည်။ စိုက်ပျိုးစရိတ်သည် တစ်ဧက ငွေကျပ် ၅၀၀၀၀ ခန့်ကုန်ကျသဖြင့် ဆောင်းမြေပဲ တစ်ဧက ငွေကျပ် ၁၅၀၀၀၀ ကျော် အမြတ်ရကြသည်။ ဆောင်းမြေပဲစိုက် တောင်သူများအနေဖြင့် စိုက်ရကျိုးနပ်ပြီး အကျိုးအမြတ် များများရရှိသဖြင့် ဝမ်းသာပျော်ရွှင်နေကြသည်။

ထို့အပြင် ဆောင်းမြေပဲထွက်ပြီး မြေပဲရိုးကို နွားကျွေးရသဖြင့် နွားစာဖိုးသက်သာ၍ ဆောင်းမြေပဲသည် တောင်သူအကြိုက် သီးနှံဖြစ်နေသည်။ ဆောင်းမြေပဲ တစ်ဧကစိုက်လျှင် မြေပဲရိုး လှည်းငါးစီးတိုက်ခန့်ရပြီး နွားစာအတွက် တစ်နှစ်စာ ဖူလုံစွာ ရရှိနေ၍ တောင်သူများမှာ ဝင်ငွေလည်းရရှိပြီး နွားစာအတွက်လည်း ဖူလုံသော ဆောင်းမြေပဲကို စိုက်ရကျိုးနပ်သဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(ဝ၁၂)**

မြဝတီမြို့မှ နှစ်လခွဲခန့် ကြာမြင့်နေသော ဓားပြတိုက်လုယက်မှုနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြဝတီ ဖေဖော်ဝါရီ ၁

မြဝတီခရိုင် မြဝတီမြို့နယ်တွင် လွန်ခဲ့သောနှစ်လခွဲခန့်မှ ဆိုင်ကယ် ဓားပြတိုက်မှုကိုဖမ်းဆီးရမိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုအရ အဆိုပါအမှုကို ဖော်ထုတ်ရန် ရွှေဆိုင်များနှင့် သက်ဆိုင်ရာနေရာများတွင် စောင့်ကြည့်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဘားအံမြို့နယ်ရဲစခန်း စခန်းမှူးက ဘားအံမြို့မဈေးရှိ "လဖူးအိမ်" ရွှေဆိုင်တွင် လှိုင်းဘွဲမြို့ တစ်ခင်လုံးကျေးရွာနေ မသိန်းညွှန့်နှင့် မအေးသိန်းတို့ နှစ်ဦးသည် ရွှေနားကပ်နှင့် လက်စွပ်များ လာရောက် ရောင်းချရာ ရွှေဆိုင်ပိုင်ရှင်က မသင်္ကာသဖြင့် ဘားအံရဲစခန်းသို့ သတင်းပေးပို့ခဲ့ခြင်းကြောင့် မသိန်းညွှန့်နှင့် မအေးသိန်းတို့နှစ်ဦးအား ခေါ်ယူစစ်ဆေးခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းရွှေများကို ၎င်းတို့၏ ခဲအိုတော်စပ်သူ မြဝတီမြို့နေ မင်းမင်းထံမှ ရရှိခဲ့ကြောင်း ထွက်ဆိုချက်အရ မြဝတီမြို့နယ်ခရိုင် ရဲတပ်ဖွဲ့မှ ရှာဖွေစောင့်ကြည့်ခဲ့ရာ မြဝတီမြို့ အမှတ် (၄) ရပ်ကွက် အောင်မြေရွှေဘုံ မချောကုန်း အနောက်ဘက်ရှိ ဦးမြင့်အေးခြံသို့ ဝင်ရောက်စီးနင်း ရှာဖွေခဲ့သည်။

အဆိုပါခြံအတွင်း ဦးမြင့်အေး ၃၇ နှစ်၊ မြဝတီမြို့နေသူ၏ နေအိမ်အနောက်ဘက်ရှိ အလုပ်သမားတဲတွင် ကံမြင့် (၁၉)နှစ်နှင့် မင်းမင်း (၃၆)နှစ်တို့အား ဖမ်းဆီးရမိ စစ်ဆေးခဲ့ရာ ၎င်းတို့ ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ကြသည်။

ဆက်လက်၍ ၎င်းတို့နေထိုင်ရာ တဲအတွင်းရှာဖွေရာ တဲ၏ ကြွက်လျှောက်တန်းပေါ်မှ လက်အိတ်အစိမ်းဖြင့်ထုပ်လျက် အမေရိကန်နိုင်ငံလုပ် ပို့စ် ၂၂ မိန်းမကိုင် ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်၊ မြန်မာငွေရောရာ ကျပ် ၃၉၇၀၀၀၊ လက်စွပ်မောင်းကွင်း သုံးကွင်း၊ အညိုရောင် နှာခေါင်းစည်းနှစ်ခု၊ အမည်းရောင်နှာခေါင်းစည်းတစ်ခု၊ အမည်းရောင် ခေါင်းစွပ်တစ်ခု၊ တဲအနီးမှ ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရရှိခဲ့သည်။ အဆိုပါ ဆိုင်ကယ်မှာ ခြံပိုင်ရှင်ဖြစ်သူ ဦးမြင့်အေးထံမှ ငှားရမ်း၍ အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ဆက်လက်၍ ကံမြင့်အား မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်၍ ဆက်လက် စစ်ဆေးမေးမြန်းရာ မချောကုန်း အနောက် ဦးမြင့်အေးခြံ အနောက်တွင် နိုင်လွန်ထီးအစုတ်ဖြင့် မြှုပ်ထားသော စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀နှင့် ရောင်းချခြင်းမှရရှိငွေ ထိုင်းဘတ်ငွေကျပ် ၂၀၀၀၀ နှင့် မြန်မာကျပ်ငွေ ၁၅၀၀၀၀ ကို သိမ်းဆည်းရမိသည်။

အဆိုပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ နှင့် အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ပြား စုစုပေါင်း ၁၀၀၀၊ တန်ဖိုး ငွေကျပ် သိန်းသုံးဆယ်ရှိ မူးယစ်ဆေးဝါးများအား တောင်ကလေးနှင့် ထီးပိုးကလိုးရွာကြားတွင် အမည်မသိ ကရင်အမျိုးသားတစ်ဦးထံမှ ရွှေများနှင့် လဲလှယ်ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ကံမြင့် (၁)မိုင်ကုန်းရွာ ကော့ကရိတ်မြို့နေသူအား အမှုဖွင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နဒီမြင့်မိုရ် (မြဝတီ)**

မိတ္ထီလာဈေးအတွင်း နှစ်လုံးထီ ဖမ်းမိ

မိတ္ထီလာ ဖေဖော်ဝါရီ ၁

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး၏ လောင်းကစားမှု ပပျောက်ရေးလမ်းညွှန်ချက်အရ မိတ္ထီလာအမှတ်(၂) ရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်သန်း၏ ဦးဆောင်မှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ အသိသက်သေ သီရိမင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နိုင်၊ ဈေးအရှေ့ပြင်ရပ်ကွက် ရာအိမ်မှူး ဦးခင်မောင်အေးတို့ လိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက်က ဈေးအတွင်း ကွမ်းရွက်တန်းထိပ်ရှိ အောင်ကိုကို၏ဆိုင်ကို ရှောင်တခင်ဝင်ရောက် ရှာဖွေကြသည်။ အောင်ကိုကို၏ ဆိုင်အတွင်းမှ နှစ်လုံးထီလောင်းကစားသည့် ဖြတ်ပိုင်းဘောက်ချာများနှင့် လောင်းကြေးငွေကျပ် ၄၁၀၀၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ အောင်ကိုကိုအား အမှတ်(၂) ရဲစခန်းက ဖမ်းဆီးအရေးယူထားသည်။ **(ဝ၁၂)**

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၇း၂၂ မျိုးချစ်တပ်မတော်
၇း၂၉ မြန်မာ့ရှုခင်း
၇း၃၅ တောင်ယာလုပ်ငန်းအက(ကယား)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁း၃၀ တောင်ယာစူးထိုးအရ(ကယား)
၁၁း၄၅ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
ချိန်ခွင် နေတိုး၊ထွန်းအိန္ဒြာဗို၊ ဝတ်မှုန်ရွှေရည်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ကုသိုလ်)
၁၃း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနဲ့ချစ်သူ** (အပိုင်း-၁၇)

ညပိုင်း

၄း၂၀ ၂၀၁၃ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ဇီဝဗေဒ)
၅း၁၀ သွေးစည်းချစ်ကြည်မြစ်ဧရာဝတီ သက်သေတည်(ကယန်း)
၅း၃၀ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၇း၅၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်ကဖန်ရဲတိုက်** (အပိုင်း -၂၁)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
လူရွှင်တော်စတား
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **The Train မရဏရထား** (အပိုင်း-၁)
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှုတ်ဖျားထက်ကသစ္စာ** (အပိုင်း-၅၇)

နောင်တမရစေချင်

ရေနံ့သာမောင်ကျော်ညွန့်

အသက်အရွယ်ကြီးရင့်ပြီး ခွန်အားနည်းကာ မစွမ်းဆောင်နိုင်တော့သော အရွယ်ကို အိုမင်းမစွမ်း အရွယ်ဟု ဆိုကြ၏။ အိုမင်းမစွမ်း အရွယ်ကို မပိုင်ချင်လည်းပိုင်ရမည်။ အိုမင်းမစွမ်း အရွယ်၊ နုပျိုသန်စွမ်းခဲ့သောအရွယ် အမျိုးမျိုးကို ဖြတ်ကျော်ပြီးခါမှ ရောက်ရှိလာခြင်းဖြစ်၏။ နုပျိုသန်စွမ်းစဉ်က ပြုသင့်ပြုထိုက်၊ လုပ်သင့်လုပ်ထိုက်သည်များကို ပြုလုပ်ခဲ့ပြီးသူများလည်း ရှိမည်။ မပြုလုပ်နိုင်ခဲ့သူများလည်း ရှိမည်။ ပြုလုပ်သင့်သည်ကို မပြုလုပ်ခဲ့ဘဲ မပြုလုပ်သင့်သည်ကို ပြုလုပ်ခဲ့ပါက အိုမင်းမစွမ်း အရွယ်သို့ ရောက်သည်နှင့် နောင်တရနေမည် ဖြစ်ပါသည်။ အိုမင်းမစွမ်း အရွယ် ရောက်ခါမှ သိမြင်ရရှိလာသော နောင်တသည် ချမ်းသာခြင်းသုခကို မဖြစ်ပေါ်စေနိုင်တော့ဘဲ ဆင်းရဲခြင်းဒုက္ခကိုသာ ဖြစ်ပေါ်နေမည်ဖြစ်သည်။

အိုမင်းမစွမ်း အရွယ်သို့ရောက်သည်နှင့် ဖြစ်ပေါ်လာမည့် နောင်တ (၁၀)ပါးရှိသည်။ ငယ်စဉ်အခါက အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင် မသင်ယူခဲ့ခြင်း၊ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရမည့် အရွယ်တွင် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရန် မေ့လျော့ကာ အချိန်ကုန်လွန်ခဲ့ခြင်း၊ သူတစ်ပါးတို့၏ အကျိုးကို မလိုလားဘဲ ပျက်စီးစေသောင်္ဂာချောက်တွန်းကုန်းချော အတင်းပြောခဲ့ခြင်း၊ ကိုယ်ချင်းမစာ၊ မညှာတာဘဲ ယုတ်မာရက်စက် သူ့အသက်ကို သတ်ဖြတ်ခဲ့ခြင်း၊ သူတစ်ပါး၏ သားမယားကို ကျူးလွန်ပြစ်မှား စော်ကားခဲ့ခြင်း၊ ပစ္စည်းဥစ္စာရှိပါလျက် အနည်းငယ်မျှ မစွန့်ကြဲ၊ မပေးကမ်း၊ မလှူဒါန်းခဲ့ခြင်း၊ အမိအဖတို့အား အလုပ်အကျွေး မပြုခဲ့ခြင်း၊ အမိအဖဆရာသမားတို့၏ သွန်သင်ညွှန်ပြဆိုဆုံးမမှုကို မခံယူခဲ့ခြင်း၊ သီလမြဲမြံအကျင့်မှန်သည့် ဉာဏ်စွမ်းရည်ပြည့် ပညာရှိတို့ထံ မဆည်းကပ်ခဲ့ခြင်း၊ သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ကို ကျင့်ခဲ့ခြင်းတို့ဖြစ်သည်။ ထိုဆယ်ပါးမှ တစ်ပါးပါးကို ပျက်ယွင်း ခဲ့ဖူးသည်ရှိသော် အိုမင်းမစွမ်းအရွယ်တွင် နောင်တရနေမည် ဖြစ်သည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင်“ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူ့အချစ်ဖျက်၊ သူ့သက်သတ်စား၊ သူ့မယား၌၊ ပြစ်မှားတုံမိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ မွေးမြူမိဘ၊ မပြုရနှင့်၊ ဆုံးမ မနာ၊ ပညာရှိထံ၊ နည်းခံမမှတ်၊ မမြတ်အကျင့်၊ ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသောခါ၌၊ ပူဆာနောင်တ၊ ရတတ်စွ”ဟု ရေးဖွဲ့ပြီး သတိပေးဆုံးမတော်မူခဲ့လေသည်။

ဆရာတော်၏ သွန်သင်ညွှန်ပြဆိုဆုံးမတော်မူခဲ့သည်ကို နှလုံးသွင်းပြီး ငယ်စဉ်အခါတွင် အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင်သင်ကြားခြင်း၊ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရမည့် အရွယ်တွင် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းခြင်း၊ သူ့အကျိုးကိုလိုလားပြီး ကူညီအားပေးဖေးမစောင့်ရှောက်ခြင်း၊ မေတ္တာကရုဏာ မုဒိတာပွားပြီး သနားကြင်နာကိုယ်ချင်းစာခြင်း၊ သူတစ်ပါး၏ သားမယားကို မပြစ်မှား၊ မကျူးလွန်၊ မစော်ကားမိအောင် စောင့်စည်းခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ အမိအဖတို့အား အလုပ်အကျွေးပြုခြင်း၊ မိဘဆရာများနှင့် အသက်ကြီးသူ ဂုဏ်ကြီးသူတို့၏ သွန်သင်ဆုံးမမှုကို နာယူခြင်း၊ ပညာရှိတို့ထံ ဆည်းကပ်ခြင်း၊ ဟုတ်သောအကြံ မှန်သောအကျင့် သင့်သောအယူ ဖြူသောနှလုံး သူတော်စင် သူတော်ကောင်းတို့၏ထုံးကို နှလုံးမူပြီး ကျင့်ကြံခြင်း အမှုတို့အား ပြုလုပ်ကြရမည်ဖြစ် ပါသည်။

ရှောင်ရန် ဝါရိတ္တသီလဖြစ်သော နောင်တရစေမည့် အကြောင်းတရားဆယ်ပါးကို ရှောင်ကြဉ်၍ ဆောင်ရန် စာရိတ္တ သီလဖြစ်သော နောင်တမရစေနိုင်မည့် အကြောင်းတရားဆယ်ပါးကို ဆောင်ယူကြပါမူ အိုမင်းမစွမ်း အရွယ်တွင် ဆင်းရဲခြင်း ဒုက္ခမှ လွတ်မြောက်၍ ချမ်းသာခြင်းသုခကို ရရှိခံစားကြရမည်သာ ဖြစ်ပါသတည်း။

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

သံတွဲနှင့်ပဲခူးမြို့နယ်များ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

သံတွဲ ဖေဖော်ဝါရီ ၁

ရခိုင်ပြည်နယ် သံတွဲခရိုင်နှင့် သံတွဲမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် တရားမဝင်သစ်ဖမ်းဆီးရေးအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်က သံတွဲမြို့နယ် ရွှေလှေဘိနယ် သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းသွား ကားလမ်းနှင့် သုံးမိုင်တစ်ဖာလုံခန့်အကွာရှိ ကျားချောင်းလက်တက်၌ တရားမဝင် တောင်သရက်သစ် ခြောက်လုံး (၃ ဒသမ၃၄၅၂တန်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင်ကို စုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက်က ပဲခူးမြို့နယ် စလူကြိုးဝိုင်း ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၄၉) ၏ အနောက်မြောက်ဘက် ကိုယ်တူကွဲ ရေလှောင်တမံသွားလမ်း မိုင်တိုင် (၁/၃)နှင့် ၆ အနီး နေရာလေးခုမှ တရားမဝင် ကျွန်းခွဲသား ၁၁၈ ချောင်း (၇ ဒသမ ၉၇၁၄ တန်) တင်ဆောင်ထားသည့် ယာဉ်အမှတ်မပါ ယူဒီ ၁၀ ဘီးကား တစ်စီးကိုလည်းကောင်း၊ တရားမဝင် ပျဉ်းမခွဲသား ၄၇ ချောင်း၅ဒသမ၃တန်တင်ဆောင်ထားသည့် ယာဉ်အမှတ်မပါ နီဆန်းဒီဇယ် ၁၀ဘီးကားတစ်စီးကို လည်းကောင်း၊ တရားမဝင် ပျဉ်းကတိုးသစ်လုံးယောင်ခြမ်း ၄၀ (၂ ဒသမ ၉၇၉၂ တန်) တင်ဆောင်ထားသည့် ယာဉ်အမှတ် ဆ/. . . ကားတစ်စီးနှင့် တရားမဝင် ကျွန်းခွဲသား ၄၆၅ ချောင်း (၉ ဒသမ ၅၇ တန်) တင်ဆောင်ထားသည့် ယာဉ်အမှတ်မပါ နီဆန်း ၁၀ဘီးကား တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဘောနတ်ကြီးရဲစခန်းတွင် ပိုင်ရှင်ဖော်ထုတ်အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သစ်တောဦးစီးဌာန)

ရမည်းသင်းတွင် E-Pension Card စနစ်ဖြင့် ငွေထုတ်ပေး

ရမည်းသင်း ဖေဖော်ဝါရီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲက မြို့နယ်အတွင်းရှိ ပင်စင်စားများ၏ ပင်စင်ငွေများ ထုတ်ယူမှု လျင်မြန်လွယ်ကူစေရေးနှင့် အချိန်ကုန် လူပင်ပန်းသက်သာစေရေးအတွက် E-Pension Card စနစ်ဖြင့် ထုတ်ယူနိုင်စေရေး တာဝန်ရှိသူတို့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ပင်စင်စားများအား E-Pension Card ဖြင့် စတင်ထုတ်ပေးခဲ့သည်။

E-Pension Card ရရှိထားသူ အငြိမ်းစားဝန်ထမ်းသည် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ လစဉ် ၂၁ ရက်မှ စတင်ကာ ကတ်ကိုပြသပြီး နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီ ရုံးချိန်အတွင်း မိမိ၏ပင်စင်ငွေများ ထုတ်ယူနိုင်သည်။

ယင်းစနစ်ကြောင့် သက်ကြီးရွယ်အို ဝန်ထမ်းများ ဘဏ်သို့လာရသည်များ လျော့နည်းသွားသဖြင့် ဝန်ထမ်း(ငြိမ်း)များက ဝမ်းသာပြီး ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူရရှိသဖြင့် သက်ဆိုင်ရာတို့အား ကျေးဇူးတင်လျက် ရှိသည်။

(ဝ၁၁)

ပြည်တွင်းသတင်း

MNL ကလပ်အသင်းများနှင့် ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရိုဆာဆနာတို့ခြေစမ်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာအသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများဖြစ်သည့် ရန်ကုန်ယူနိုက်တက်၊ ရတနာပုံ၊ ဧရာဝတီယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းကစားသွားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲများကို ဖေဖော်ဝါရီ ၁၂၊ ၁၄၊ ၁၆ ရက်များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ တယ်ရိုဆာဆနာအသင်းသည် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းကလည်း မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး ထိုစဉ်က ဧရာဝတီအသင်းကို ငါးဂိုး-တစ်ဂိုး၊ ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် သုံးပွဲစလုံး အနိုင်ရရှိခဲ့ဖူးသည်။

တယ်ရိုဆာဆနာအသင်းနှင့် ခြေစမ်းမည့် ရန်ကုန်ယူနိုက်တက်။

ဘီအီးစီ တယ်ရိုဆာဆနာအသင်းသည် ၂၀၁၃ ရာသီ ထိုင်းပရီမီယာလိဂ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ဘယ်လ်ဂျီယံလူမျိုးနည်းပြ စတီဖင်ဒီမိုလ်ကနည်းပြအဖြစ်ဆောင်ရွက်နေကာ ရတနာပုံအသင်း၏ နည်းစနစ် ဒါရိုက်တာဖြစ်သူ မစ္စတာရောဘတ်က အုပ်ချုပ်သူအဖြစ် ဆောင်ရွက်နေသည့်အသင်းလည်းဖြစ်သည်။

ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့သည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စတင်ကျင်းပမည့် AFC CUP ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းများဖြစ်သည်။ လက်ရှိကျင်းပနေသည့် ၂၀၁၃ MNL အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်အသင်းသာ ရလဒ်ကောင်းနေပြီး ဧရာဝတီနှင့် ရတနာပုံအသင်းမှာ ရလဒ်များဆိုးရွားလျက်ရှိသည်။ ရတနာပုံအသင်းမှာ နည်းပြချုပ်ဖြစ်သူ ဆားဘီးယားလူမျိုး ဘောရစ်ဘန်ဂျက်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး အသင်းခေါင်းဆောင် အောင်ကျော်မိုးကို ယာယီနည်းပြအဖြစ် တာဝန်ပေးအပ်ထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁

ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည့် ကချင်ပြည်နယ်ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြစ်ကြီးနားမြို့နယ်ကိုယ်စားပြု ဗဟိုလီဆူးစာပေနှင့် ကော်မတီလူငယ်အသင်းက ဝိုင်းမော်(ခ)အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တံခွန်စိုက်ဆုရအသင်းနှင့် ဒုတိယဆုရ အသင်းတို့အား ပြည်နယ်ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို တာဝန်ရှိသူများက ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မိုးဃ်းကျ(မြစ်ကြီးနား)

မာလာဂါနောက်တန်းလူ အာဆင်နယ်စာချုပ်

စပိန်လာလီဂါကလပ် မာလာဂါ ဝဲနောက်တန်းကစားသမား နာချိုမွန်ရီးရယ်အား အာဆင်နယ်က ပေါင် ၁၀ သန်းဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။ မွန်ရီးရယ်အား အာဆင်နယ်က လေးနှစ်ခွဲသက်တမ်းစာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်ရှိ မွန်ရီးရယ်သည် ၂၀၁၁ ခုနှစ်က အိုဆာစူနာမှ ပြောင်းလာပြီးနောက် မာလာဂါအတွက် ၅၄ ပွဲပါဝင်ကစားပေးခဲ့သည်။

ဘာလော့တယ်လီ အေစီက ပေါင် ၁၉ သန်းဖြင့် စာချုပ်

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီအား အေစီမီလန်က ပေါင် ၁၉ သန်းဖြင့် စာချုပ်ချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၂ နှစ်ရှိ ဘာလော့တယ်လီအား အေစီမီလန်အသင်းက လေးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၁၀ ခုနှစ်၌ အင်တာမီလန်မှ ပေါင် ၂၄ သန်းဖြင့် မန်စီးတီးက စာချုပ်ခဲ့သည်။ ပွဲပေါင်း ၈၀ ကစားပြီး ဂိုးပေါင်း ၃၀ သွင်းယူပေးခဲ့သည်။

ဆွမ်ဆီးတိုက်စစ်မှူး ဆန်းဒါးလန်းရောက်

ဆွမ်ဆီးတိုက်စစ်မှူးဒန်နီဂရေဟမ်သည် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ငါးသန်းဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည်။ ဂရေဟမ်အားဆန်းဒါးလန်းက သုံးနှစ်ခွဲ စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့နှင့်ဝက်ဖို့ဒ် တိုက်စစ်မှူးဟောင်း အသက် ၂၇ နှစ်ရှိ ဂရေဟမ်သည် ပြီးခဲ့သော ရာသီက ဆွမ်ဆီးအတွက်အရေးပါသော ဂိုးများသွင်းယူပေးခဲ့သည်။ သို့သော်လည်း ဆွမ်ဆီးထိပ်တန်းဂိုးသမားမီချူး၏စိန်ခေါ်မှုကိုရင်ဆိုင်ခဲ့ရသဖြင့် ယခုနှစ်ရာသီတွင် ဂိုးသွင်းစွမ်းရည်ကျဆင်းလျက်ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

Trust & Gain ကုမ္ပဏီလီမိတက် Managing Director ဦးကြည်ထွန်း၏ ၃၀-၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ မိသားစု၊ ဝန်ထမ်းများနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Trust & Gain Co., Ltd. ဝန်ထမ်းများ
Delta Project
Laputta, Ayeyarwaddy

ပုသိမ်မှန်နှင့် သာယာဝတီကြွေပြားများအား ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ (သာယာဝတီ)၊ အမှတ် (၃၆)အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) တို့မှ ထုတ်လုပ်သည့် ကြွေပြား၊ ကြွေအမိုးပြားနှင့် မှန်မျိုးစုံတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၂-၁-၂၀၁၃ ရက်မှ ၈-၂-၂၀၁၃ ရက်အထိ
အချိန် - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၂-၂၀၁၃ ရက်၊ မွန်းလွဲ ၁၅း၃၀ နာရီ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

စက်မှုလယ်ယာဦးစီးဌာနမှ တိုးမြှင့်ပင်စင်လစာလျှောက်ထားရန် ကျန်ရှိသောပင်စင်စားများအားကြေညာခြင်း

စက်မှုလယ်ယာဦးစီးဌာနမှ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင်နှင့် အထူးနှစ်ပြည့်ပင်စင် ခံစားနေပြီးဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁ရက်တွင် နိုင်ငံတော်မှ ပင်စင်လစာငွေကို တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားရန်ကျန်ရှိနေသော ပင်စင်စားများသည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာန၊ ရုံးချုပ်၊ (ရုံးအမှတ်-၅၀)၊ ဖုန်း-၀၆၇-၄၃၁၂၄၉ နေပြည်တော်သို့ အမြန်ဆုံး လာရောက်ဆက်သွယ်လျှောက်ထားနိုင်ရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)

သိရိကျော်မှ

ဒဂုံမြို့သစ် အရှေ့ပိုင်း/တောင်ပိုင်း/မြောက်ပိုင်းနှင့် ဒဂုံဆိပ်ကမ်းမြေကွက်ပါမစ်များကို အိမ်တိုင်ရာရောက် ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်လိုပါသည်။

ဖုန်း-၀၉-၄၄၈၀၂၄၃၄၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၉၀၊ မြေကွက်အမှတ် ၁၁၈၅၊ မြေကွက်တည်နေရာအမှတ် ၁၁၈၅၊ (၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်အေးအေးကြည်(ခ)တန်ရှုတ်ဟွီး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးကြည်(ခ) တန်ရှုတ်ဟွီးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် $\frac{၁၈၀၇၄}{၁၀-၁၀-၂၀၁၁}$ဖြင့် ပါဝါရသူ ဦးထွန်းထွန်းဝင်းမှ နှစ် ၆၀ဂရန် အထူးကိုယ်စားလှယ်လွှဲစာ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-ကျို)၊ မြေကွက်အမှတ် V-၁၂၅၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ နှစ် ၉၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် ၂၉၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်သန်းကြည်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၂၈-၁-၂၀၁၃ရက်တွင်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါကပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို(စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရဲစုတောင်ရပ်ကွက်၊ သဲကုန်းလမ်းသွယ် (၃)ဟုခေါ်တွင်သော ဧရိယာ ၁ ဒသမ ၃၁ဧက အနက်မှ သဲကုန်းလမ်းသွယ်ဘက်မျက်နှာစာအနံ ၁၂၆ပေ၊ ရှေ့နောက်အလျား (ခေါင်းရင်းဘက်) (၂၂၂)ပေ၊ ရှေ့နောက်အလျား (ခြေရင်းဘက်) ၁၉၄ပေ၊ နောက်ဘက်အနံ ၁၄၂ပေ၊ ဧရိယာအကျယ်ပမာဏရှိသော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသူ ဦးမြင့်လွင် ၁၂/မဂဒ(နိုင်)၀၀၀၀၆၆နှင့် ဒေါ်ကျင်နု ၁၂/လကန(နိုင်)၀၅၃၄၀၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာလွင် LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၂၅၅၇၇)
အမှတ် (၁၃)၊ ဉာဏလမ်း၊ ကေရာဇ်ရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၁၃၈၁၁

ခင်ပွန်းအဖြစ်မသက်ဆိုင်ပါကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ခင်မြတ်သူ ၆/မအရ(နိုင်)၀၃၂၂၄၉ နှင့် ဦးလှနိုင် ၆/မအရ(နိုင်)၀၃၂၂၅၀ တို့သည် လွန်ခဲ့သော(၂၆)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းခဲ့ရာ သားသမီးလေးဦး ထွန်းကားခဲ့ပါသည်။ နေအိမ်အဆင့်ဆင့် ငှားရမ်းနေထိုင်လာရာ ယခုနောက်ဆုံး မြိတ်မြို့၊ မြိတ်တက္ကသိုလ်အနီး၊ တက္ကသိုလ်ရိပ်သာရပ်၊ စိမ်းလဲ့သာယာလမ်းတွင် နောက်ဆုံးနေထိုင်စဉ် ဦးလှနိုင်သည် ခင်ပွန်းဝတ္တရားပျက်ကွက်သည့်အပြင် ဇနီး သားသမီးတို့အတွက် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူခြင်းမရှိသည့်အပြင် ဇနီးဖြစ်သူ ကျွန်မ ဒေါ်ခင်မြတ်သူအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အစဉ်ဆောင်ရွက်နေသောကြောင့် ၂၀၁၂ ခုနှစ် အောက်တိုဘာအတွင်းမှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခြင်းမရှိတော့ပါ။ သားကြီးမောင်ပိုင်သီဟ မင်္ဂလာဆောင်စဉ်က လူပုံအလယ်တွင် ဟန်ပြဖခင်တစ်ဦးအနေဖြင့် မင်္ဂလာပွဲသို့ လာခဲ့သော်လည်း ကျွန်မနှင့်လင်မယားအဖြစ် ပေါင်းသင်းခြင်းမရှိဘဲ လာရောက်ခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ခင်ပွန်းဖြစ်သော်လည်း မည်သည့်တာဝန်ဝတ္တရားကိုမျှမယူ လျစ်လျူရှုခဲ့သူ ဦးလှနိုင်အား ကြေညာသည့်ရက်မှစ၍ တရားဝင်ခင်ပွန်းအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ခင်မြတ်သူ
၆/မအရ(နိုင်)၀၂၃၃၄၉
စိမ်းလဲ့သာယာလမ်း၊ တက္ကသိုလ်ရပ်၊ မြိတ်တက္ကသိုလ်အနီး၊ မြိတ်မြို့

နိုင်ငံတကာအားကစားသတင်း

ပီအက်စ်ဂျီနဲ့ ဒေးဗစ်ဘက်ဟမ်းတို့ လက်တွဲကြ

ကမ္ဘာကျော်ဘောလုံးသမားဖြစ်တဲ့ ဒေးဗစ်ဘက်ဟမ်းဟာ လက်ရှိကစားနေတဲ့ အမေရိကန်ကလပ် လော့စ်အိန်ဂျလိစ်ဂလက်စီအသင်းကနေပြီး ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ အသက် ၃၇ နှစ်ရှိပြီဖြစ်တဲ့ ဒေးဗစ်ဘက်ဟမ်းဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလရဲ့ နောက်ဆုံးပိတ်ရက်မှာ ပြောင်းရွှေ့ခဲ့တာမို့ အလှုပ်ခတ်ဆုံး အပြောင်းအရွှေ့ဖြစ်ခဲ့ပါတယ်။

ဒေးဗစ်ဘက်ဟမ်းကို ပီအက်စ်ဂျီအသင်းပိုင်ရှင်ဖြစ်တဲ့ ကာတာနိုင်ငံသားသူဌေးတွေက လစာငွေအမြောက်အမြားပေးပြီး ခေါ်ယူခဲ့တယ်ဆိုပေမယ့် တိကျတဲ့ ငွေကြေးပမာဏကို ထုတ်ဖော်ပြောကြားခဲ့ခြင်းတော့ မရှိပါဘူး။ ဒေးဗစ်ဘက်ဟမ်းက ပီအက်စ်ဂျီအသင်းနဲ့ လောလောဆယ်မှာ ငါးလစာချုပ်နဲ့ သွားရောက်ကစားမှာဖြစ်တာမို့ ကမ္ဘာကျော်ဘောလုံးသမားတွေဟာ အသက်အရွယ်ရလာတဲ့အခါ ဘယ်လောက်ပဲ နာမည်ကြီးကြီး ခြေစွမ်းထက်ထက် တဖြည်းဖြည်းနဲ့ သူတို့ရဲ့ ပုံရိပ်တွေအပေါ် စိတ်ဝင်စားမှုနည်းလာတတ်တယ်ဆိုတဲ့သဘာဝက ဖော်ပြနေတာပါပဲ။

ဒေးဗစ်ဘက်ဟမ်းဟာ ပီအက်စ်ဂျီအသင်းမှာ အနည်းဆုံး နှစ်နှစ်စာချုပ်နဲ့ ကစားလိုပေမယ့် အသင်းပိုင်ရှင်တွေက ငါးလစာချုပ်နဲ့ပဲ စာချုပ်ချုပ်ဆိုခဲ့ပေမယ့် အဲဒါကိုပဲ ကျေနပ်စွာ လက်ခံခဲ့ပြီး သွားရောက်ကစားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ နာမည်ကျော်ကစားသမားတွေကို ဝယ်ယူတတ်လေ့ရှိတဲ့အသင်းဖြစ်တာမို့ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ အေစီမီလန်က အီဘရာဟင်မိုဗစ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၅ ဒသမ ၇ သန်း၊ ပါလာမိုအသင်းက ဂျာဗီရာပက်စတိုကို ပြောင်းရွှေ့ကြေးပေါင် ၃၇ သန်း၊ အေစီမီလန်အသင်းက သီယာအိုဆေးလ်ဗားကို ပြောင်းရွှေ့ကြေး ပေါင် ၃၇ သန်းနဲ့ နာပိုလီအသင်းကစားသမား လာဗက်ဇီကို လည်း ပြောင်းရွှေ့ကြေး ပေါင် ၂၄ သန်းနဲ့ အသီးသီးပေးပြီး ခေါ်ယူထားတဲ့ အသင်းဖြစ်ပါတယ်။ အခု ဇန်နဝါရီအပြောင်းအရွှေ့နောက်ဆုံးရက်မှာ ဒေးဗစ်ဘက်ဟမ်းကို ခေါ်ယူလိုက်နိုင်ပြီဖြစ်ပါတယ်။

ဒေးဗစ်ဘက်ဟမ်းဟာ အသက် ၁၄ နှစ်အရွယ်မှာ မန်ယူအသင်းကို စတင်ရောက်ရှိခဲ့လို့ မန်ယူအသင်းရဲ့ ငယ်မွေးခြံပေါက်ကစားသမားတစ်ဦးဖြစ်ပြီး နည်းပြဖာဂူဆန်က ထုဆစ်ပုံသွင်းခဲ့တဲ့ ကမ္ဘာကျော်ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်ပါတယ်။ မန်ယူအသင်းအတွက် ပွဲပေါင်း ၃၉၈ ပွဲ ကစားပေးခဲ့ပြီး ပရီမီယာလိဂ်ဖလားခြောက်ကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားကိုလည်း ရယူဆွတ်ခူးနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

မန်ယူကနေ ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ၂၀၀၃ ခုနှစ်က ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အမေရိကန်မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းကို ၂၀၀၇ ခုနှစ်က ခြောက်နှစ်စာချုပ်နဲ့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။ အယ်လ်အေဂလက်စီအသင်းနဲ့ ပြီးခဲ့တဲ့ဒီဇင်ဘာ ၁ ရက်က အမ်အယ်လ်အက်စ်ဖလား နောက်ဆုံးပိုလ်လုပွဲမှာ ပါဝင်ကစားပေးခဲ့ပြီး နောက် အသင်းမှ ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကို အောင်မြင်မှုတွေရရှိစေဖို့အတတ်နိုင်ဆုံးကြိုးစားစွမ်းဆောင်သွားမယ်လို့ ဒေးဗစ်ဘက်ဟမ်းက ပြောကြားလိုက်ပြီး ပီအက်စ်ဂျီအသင်းမှရတဲ့ လုပ်ခလစာတွေကို လူမှုရေးလုပ်ငန်းတွေမှာ လှူဒါန်းဖို့ စိတ်ကူးထားပါတယ်လို့လည်း ဒေးဗစ်ဘက်ဟမ်းက ပြောကြားနေပါတယ်။ ဒေးဗစ်ဘက်ဟမ်းဟာသူရရှိတဲ့ လုပ်ခလစာငွေတွေကို ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းကို လှူဒါန်းမယ်လို့ ပြောကြားနေပြီး ကျွန်တော်က ပီအက်စ်ဂျီအသင်းမှာ စေတနာနဲ့လာရောက်ကစားတာဖြစ်တယ်လို့ ဆိုနေပါတယ်။

အသက်အရွယ်ရလာတဲ့ ဒေးဗစ်ဘက်ဟမ်းကို ကလပ်အသင်း ၁၂ သင်းက ခေါ်ယူကမ်းလှမ်းမှုတွေရှိခဲ့လို့ အာဆင်နယ်အသင်းနဲ့ အတူလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပေမယ့် အာဆင်နယ် အသင်းကလည်း နှစ်ရှည်စာချုပ်ဖို့ လက်တွန့်နေခဲ့ပါတယ်။ ဒါပေမယ့် ဒေးဗစ်ဘက်ဟမ်းဟာ အင်္ဂလန်မြေမှာ ကစားဖြစ်ရင် မန်ယူအသင်းမှာပဲ ကစားမယ်လို့ပြောကြားနေပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ငွေကြေးတောင့်တင်းတဲ့ အသင်းဖြစ်ပြီး ပြီးခဲ့တဲ့ ၁၈လတာ ကာလအတွင်းမှာ ဘောလုံးသမား ဝယ်ယူမှုအတွက် ပေါင်သန်း ၂၀၀ လောက်သုံးစွဲခဲ့တာမို့ ဒေးဗစ်ဘက်ဟမ်းကိုလည်း လုပ်ခလစာငွေမက်လောက်အောင် ပေးလိမ့်မယ်လို့ သုံးသပ်နေပါတယ်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းလည်းဖြစ်ပြီး ကမ္ဘာ့ငွေကြေးချမ်းသာမှုအရှိဆုံး ဘောလုံးသမားထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ဒေးဗစ်ဘက်ဟမ်းဟာ အသက်အရွယ်ရလာတာနဲ့အမျှ ထိပ်တန်းကလပ်တွေက ကာလတိုနဲ့သာ ငှားရမ်းစာချုပ်မှုတွေရှိလာတော့မှာဖြစ်ပြီး ကမ္ဘာ့အားကစားလောကမှာ ပုံရိပ်ကျဆင်းမှုတွေနဲ့ တဖြည်းဖြည်း ကြုံတွေ့နေရပြီဖြစ်ပါကြောင်း။ ။

မိုးမြင့်လင်းလက်
ရေးသားသည်

အားကစားသတင်း အတိုအထွာ

- မာလာဂါအသင်းသည် ကွင်းလယ်ကစားသမား ဘိုနာနော့တီ နေရာတွင် ချီလီကွင်းလယ်ကစားသမား မိုရာလက်စ်နှင့် အစားထိုးမည်ဖြစ်ရာ လာမည့်နွေရာသီ၌ အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်သည်။
- အီတလီတိုက်စစ်မှူး ရောဘတ်အက်ကွာဖရက်ကာသည် လီဗန်တေးအသင်းသို့ လာမည့်ဇွန်လကုန်၌ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။
- အေစီမီလန်အသင်းသည် အသက် ၂၆ နှစ်အရွယ် အီမန်နူရယ်ဆင်အား ဖူလ်ဟမ်အသင်းသို့ အငှားချထားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။
- အက်ဖ်စီတွမ်တီးတိုက်စစ်မှူး အသက် ၂၃ နှစ်အရွယ် နာဆာချာဒီလီအား ဝဲဘက်တံကောက်ကြောဒဏ်ရာရရှိမှုကြောင့် သီတင်းရှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- အီတလီတိုက်စစ်မှူး အသက် ၂၀ အရွယ် အီလ်ရှာဝေးသည် လာမည့် ၂၀၁၈ ခုနှစ်၌ အေစီမီလန်သို့ ပြောင်းရွှေ့ကစားရန် သဘောတူလိုက်ပြီ ဖြစ်သည်။ ၎င်းသည် စီးရီးအေ ၂၂ ပွဲ၌ ၁၅ ဂိုး သွင်းယူထားသူဖြစ်သည်။
- ဆွီဒင်ကလပ် အိုရီဘရိုအသင်းမှ တောင်ပံကစားသမား ဗာလ်ဒက်ရာမာအား ဗယ်လာဒိုးလစ်အသင်းက ယခုနှစ်ဘောလုံးရာသီကုန်၌ ခေါ်ယူမည်ဖြစ်သည်။
- ရှက်ဖ်ဖီးတိုက်စစ်မှူး ရိုဒရီအား ဇာရာဂိုဇာအသင်းက အငှားခေါ်ယူထားရာ နောက်ထပ်အသင်းတစ်သင်းအား ဆက်လက်အငှားချထားရေး စီစဉ်လျက်ရှိသည်။
- ချယ်လ်ဆီးအသင်း သရေပွဲဖြစ်ခဲ့ရခြင်းမှာ ကစားသမားများ၏ အနိုင်ရလိုစိတ် နည်းပါးမှုကြောင့်ဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။
- လီဗာပူးကွင်းလယ်တိုက်စစ်မှူး ဆွာရက်ဇ်က မိမိသည် လီဗာပူးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း၊ အသင်းပြောင်းရွှေ့မည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ငြင်းဆိုသွားသည်။
- အာဆင်နယ်အသင်း အိမ်ကွင်း၌သရေပွဲဖြစ်ခဲ့ခြင်းမှာ ခြေစွမ်းကျဆင်းခြင်းမဟုတ်ကြောင်း၊ အခွင့်အရေးကောင်းများကို အသုံးမချနိုင်ခဲ့၍ဖြစ်ကြောင်း ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းသည် ယခုနှစ်ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးမည်ဖြစ်ကြောင်း ကမ္ဘာကျော်ဘောလုံးသမားဟောင်း မာရာဒိုနာက ပြောကြားလိုက်သည်။

မောင်ချစ်ကြည် - ရေးသားသည်

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

သာရွှေနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790, 09-861-9008
707062, 09-861-7770

လက်ထပ်ပြီးစီးကြောင်း
[illegible]
Diploma in Electronic & Communication(GTI Maubin),
Diploma in Mechanical(Ngee Ann Polytechnic, Singapore)
Project Engineer @ Global Offshore & Marine Pte Ltd Singapore
နှင့်
[illegible]
Master of Computer Science(UCSY),
Graduate Diploma in System Analysis (NUS Singapore),
Software Specialist @ Solutions Lab Pte Ltd Singapore
[illegible] Orchid Country Club, Singapore [illegible]

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
သာယာဝတီခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၄
ကွယ်လွန်သူ အမ်ရာမာဆွာမိ(ခ)ဦးရာမ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဦးစိုးမောင်(ခ)ဦးဘာဘူ(ခ)ဦးရာမ(ခ)မူသူးရာမန် လျှောက်သူ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ ဈေးလမ်း၊ (၅)ရပ်ကွက်၊ အိမ်အမှတ် ၅၈/၃၃နေ ဦးစိုးမောင်(ခ)ဦးဘာဘူ(ခ)မူသူးရာမန်က ကွယ်လွန်သူ အမ်ရာမာဆွာမိ(ခ)ဦးရာမ၏ သားဖြစ်သည်ဟူ၍ ဇီးကုန်းမြို့၊ ဈေးလမ်းနေ ၎င်းကွယ်လွန်သူ အမ်ရာမာဆွာမိ(ခ)ဦးရာမမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ် စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ် လွန်သူ အမ်ရာမာဆွာမိ(ခ)ဦးရာမမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် မတ် ၆ ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးစိုးမောင်(ခ)ဦးဘာဘူ(ခ)မူသူးရာမန်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းဝင်းလှိုင်)
ခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ တိုက်အမှတ်(၂၉)၊ (၂)ခန်းတွဲ၊ (၅)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် တိုက်ရှေ့မျက်နှာမူလျှင် (ယာ)ဘက်၊ (၁၅ ပေ× ပေ၆၀)အကျယ်အဝန်းရှိတိုက်ခန်းနှင့်ပတ်သက်၍
အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာချက်

အဆိုပါတိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်ရှုရင် MMA-၀၃၆၁၀၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

ဦးဘူမောင်(စဉ်-၂၂၇၄၇) ဦးအောင်ဖြိုးလတ်(စဉ်-၃၃၀၆၃)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၄၉၃၂၂၉၄၁၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကျော်သက် ၁၂/ကတတ(နိုင်)၀၃၀၀၉၀သည် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

မိခင်-ဒေါ်သန်းရီ
၁၂/ဗတထ(နိုင်)၀၂၅၈၀၆

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံး သတင်းစာစက္ကူဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံး သတင်းစာစက္ကူများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)Newsprint Paper (48.8 Gsm) (30") High Bright ၉၇၇၅ တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ ၁၄-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်သည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ် (၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈၊	ရုံးအမှတ် (၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန
အဆောက်အအုံနှင့်မြေနေရာများ ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အောက်ဖော်ပြပါ အဆောက်အအုံနှင့် မြေနေရာများအား ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်တွင် ၁-၂-၂၀၁၃ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး ၈-၂-၂၀၁၃ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းကြရန် ဖြစ်ပါသည်။

(က) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားကွင်းရှိ သုံးထပ်အဆောင်
(ခ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) အားကစားကွင်း ရှင်းလင်းဆောင်
(ဂ) ပုသိမ်မြို့၊ ချောင်းသာ လေ့ကျင့်ရေးစခန်း

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်(တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၀၂၉၊ ၀၆၇-၄၀၆၂၁၈)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အားကစားဝန်ကြီးဌာန
ရုံးအမှတ်(၃၁)
နေပြည်တော်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ငွေရတုမှသည် ရွှေရတုဆီသို့

ဘိုးကြည်ဝင်း

မော်လမြိုင် တောင်ဝိုင်းဘိုးဘွားရိပ်သာသည် ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့၍ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ငွေရတုသဘင် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရွှေရတုသဘင်အခမ်းအနားကို တင့်တယ်ခမ်းနားစွာ ကျင်းပတော့မည်ဖြစ်သည်။

တောင်ဝိုင်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်နိုင်ငံသားများဖြစ်ကြသည့် ခိုကိုးရာမဲ့ အဘိုးအဘွားအိုများ၏ ဘဝရပ်တည်ရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး မတောင့်မတ မကြောင့်ကြရဘဲ တရားဘာဝနာပွားများကာဖြင့် သောကကင်းဝေးနေထိုင်ရေးတို့ကို အတတ်နိုင်ဆုံး အဘက်ဘက်မှ တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်သွားရန် ဖြစ်သည်။

ယခုအခါ မော်လမြိုင်တောင်ဝိုင်းဘိုးဘွားရိပ်သာသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရွှေရတုအခမ်းအနားကျင်းပချိန် ရောက်ပြီဖြစ်၍ ရွှေရတုကျင်းပရေး ဦးစီးကော်မတီကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းခဲ့ပြီး ရွှေရတုအထိမ်းအမှတ်အဖြစ်ဓမ္မကထိက ဆရာတော်ငါးပါးက နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ ငါးညတိုင်တိုင် ဟောကြားမည်ဖြစ်ပြီး ရွှေရတုကမ္ပည်းမော်ကွန်းနှင့် အထိမ်းအမှတ် ဘိုးဘွားရုပ်တုကို ဘိုးဘွားရိပ်သာပန်းခြံအတွင်း ထားရှိ၍ တင့်တယ်ခမ်းနားစွာ ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်စီစဉ်နေရာချထားပြီးဖြစ်သည်။

ရွှေရတုအထိမ်းအမှတ် သံဃာတော် အပါး(၅၀)အား နေ့ဆွမ်းဆက်ကပ်ကာ အဘိုးအဘွားများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများဖြင့်လည်း လောင်းလှူကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရွှေရတုအထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ပြည်နယ်တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ မြို့မိမြို့ဖများအား ဖိတ်ကြားထားပြီး အဘိုးအဘွား ၆၅ ဦးတို့ကို လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူရန် စီစဉ်ထားသည်။ ရွှေရတု အခမ်းအနားနေ့ ဖေဖော်ဝါရီ ၁၂ ရက် နေ့လယ်တွင် ဘိုးဘွားများအား ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပပေးမည်ဖြစ်ပြီး ညနေတွင် ဈေးပွဲတော်ဖွင့်လှစ်ကာ ညပိုင်းတွင် စန္ဒရားလှမင်း တေးဂီတအဖွဲ့၊ ဖိုက်စတားအငြိမ့်တို့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

သက်ကြီးရွယ်အိုဘဝကို နေဝင်ချိန်ဟု ဆိုကြပါသည်။ ကျွန်တော်ကတော့ ဒီလိုမထင်ပါ။ နေဝင်ချိန်ရဲ့အလှကို မသိကြလေရော့သလား၊ ဆည်းဆာချိန်၏အလှကို သတိမမူကြလေရော့သလား၊ ထိုအချိန်တွင် တိမ်တောက်လိုက်ပါက လောကကြီးရဲ့အလှဆုံးအချိန်ပါ။ ဖိတ်ခေါ်ပါရစေ၊ မျှဝေပါရစေ "နေဝင်ချိန်မှာ တိမ်တောက်ဖို့ ဘိုး၊ ဘွား ပြုစုကြပါစို့"လို့ တိုက်တွန်းရင်း မော်လမြိုင်တောင်ဝိုင်းဘိုးဘွားရိပ်သာ ရွှေရတုသဘင်အခမ်းအနားကို ကြိုဆိုရင်း ရပ်နီးရပ်ဝေးမှ ပြည်သူများ လာရောက်လေ့လာနိုင်ရေး ဖိတ်ခေါ်လိုက်ရပါသည်။

ဗန်းမော်သစ်ထုတ်ရေး၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

ဗန်းမော် ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် ဗန်းမော်သစ်ထုတ်ရေးဒေသ (မြန်မာ့သစ်လုပ်ငန်း)နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးမီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက သစ်ထုတ်ရေးနှစ်မိုင် ယာဉ်/ယန္တရားဝင်း၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်

အဆိုပါအခမ်းအနားသို့ သစ်ထုတ်ရေးဌာနမှ ခရိုင်မန်နေဂျာ ဦးငွေးလွင်၊ လက်ထောက်မန်နေဂျာများဖြစ်သည့် ဦးဇော်မာ(မိုးစစ်/ကျောက်ကြီးနယ်)၊ ဦးအောင်နိုင်စိုး (ရွှေကူနယ်)နှင့် သစ်ထုတ်ရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်အေးနှင့်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားတွင် တပ်ဆင်ထားသော မီးသတ်ပြွန်ခေါင်း၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်ပြသခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုမီးသတ်ခြင်း လေ့ကျင့်မှုများပြုလုပ်ပြီး မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မင်းတံတားသား)**

အထက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ဘားအံမြို့တွင် ၀ ဒသမ ၅၀ လက်မနှင့်ပဲခူးမြို့တွင် ၀ ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ

မြန်မာ့အလင်း တွင် ကြော်ငြာပါ။

လျှင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇန်နဝါရီ ၂၈ ရက်တွင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ငွေကျပ်သိန်း ၄၅၀ နှင့် ဇန်နဝါရီ ၂၉ ရက်တွင် မိုးကုတ်ယောဂီဒေါ်ထွေးရီမိသားစုက ငွေကျပ် တစ်သိန်းတို့ကို လာရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (ဘားကြား)
Ph:209200, 430480, 544383

ကုလားပဲလုံးအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - ကုလားပဲလုံး

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၃-၂-၂၀၁၃ရက် ညနေ ၄နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်အရေအတွက်

စက်ရုံနှင့်စခန်းအမည်	အရေအတွက်
အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)	၂၂၅၀၀ ပိဿာ
မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်)	၁၁၁၃၅ ပိဿာ
မြင်းမွေးမြူရေးစခန်း(ဟဲဟိုး)	၁၁၆၆၅ ပိဿာ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) **ဖုန်း-၀၆၇-၄၀၈၀၇၆**

ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် **ဖုန်း-၀၆၇-၄၀၈၃၅၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ရုံးသုံးပရိဘောဂပစ္စည်း (၃၄)မျိုးအား ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ ၈-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သက်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပစ္စည်း(၁)ဌာနစိတ်၊ အုပ်ချုပ်ထောက်ပံ့မှုဌာနခွဲ၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရုံးအမှတ် ၅၅၊ နေပြည်တော်
ဖုန်း-၄၁၈၃၆၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်ရုံး
လုပ်ငန်းအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း

၁။ နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမကြီးများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော H.D ရုပ်သံရိုက်ကူးရေးစနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် အချက်အလက်များ ထိန်းသိမ်းခြင်းစနစ် (Archiving System) အတွက် လိုအပ်သော စက်ပစ္စည်းများ တပ်ဆင်လိုပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီ/အဖွဲ့အစည်းများအား အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

- **(က) ကိုယ်စားလှယ်တစ်ဦးစီအား ၄-၂-၂၀၁၃ရက် ၁၆ နာရီတွင် လွှတ်တော်ဝင်းအတွင်း ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကို ရှင်းလင်းပြသပါမည်။**
- **(ခ) လုပ်ငန်းဆောင်ရွက်နိုင်သည့် ကုမ္ပဏီ/အဖွဲ့အစည်းများသည် ၅-၂-၂၀၁၃ရက်မှ ၇-၂-၂၀၁၃ရက်အထိ နေ့စဉ် ၁၅း၀၀နာရီမှ ၁၇း၃၀နာရီအတွင်း လုပ်ငန်းနေရာများသို့ လာရောက်လေ့လာနိုင်ပါသည်။**
- **(ဂ) လုပ်ငန်းအဆိုပြုလွှာများကို ရုံးအမှတ် ၂၀၊ လွှတ်တော်ရုံး၊ နေပြည်တော်သို့ ၁၄-၂-၂၀၁၃ရက် ၁၆နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။**

၂။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံး ဖုန်း-၀၆၇-၅၉၀၂၁၅၊ ဦးခင်မောင်ဦး (ညွှန်ကြားရေးမှူး)၊ ပြည်သူ့လွှတ်တော်ဌာန ဖုန်း-၀၆၇-၆၉၅၄၇၊ ၀၆၇-၅၉၀၃၃၈၊ ဦးနေဝင်း (ဒုတိယညွှန်ကြားရေးမှူး) စီမံရေးရာဌာန ဖုန်း-၀၆၇-၅၉၀၂၁၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
လွှတ်တော်ရုံး

Y.E.S. Since 1994
International English Language Centre
Mon to Thurs- 3:30- 5:00 pm 4 Feb
Sat & Sun - 12:30-3:30pm 9 Feb
Mon to Thurs- 5:00- 6:30 pm 18Feb
Mon to Thurs-10:00-12:00am 25Feb
Mon to Thurs-1:00-3:00 pm 4 Feb
Mon to Thurs - 3:00-5:00pm 18Feb
Mon to Thurs-7:30-9:30 am 18 Feb
Mon to Thurs- 10:00-12:00am 18 Feb
Mon to Thurs- 5:00-7:00pm 18 Feb
Sat & Sun -9:00-12:00am 23Feb
Mon toThurs-1:00- 3:00 Pm 4Feb
Mon toThurs-10:00-12:00 am 18Feb
Sat & Sun-12:00-3:00pm 23Feb
Mon toThurs- 3:30-5:00pm 18Feb
Sat & Sun - 10:00- 12:00 am 23Feb
ငယ်ရွယ်သူကလေးများအတွက်
LEVELS I, II & III

စောသစ္စာဦး
အိပ်မက်ရှင်သခင်မ
လုံးချင်းဝတ္ထုအသစ်
ပန်းရွက်ဝေစာပေမှ ဖြန့်ချိလိုက်ပြီ။

ကမ(၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၅၆၃၂၊ TOYOTA Lite- Ace KM-51, PICKUP(4×2)R ယာဉ်ပိုင်ရှင် ဦးရဲနိုင်ဝင်း ၁၂/ဗဟန(နိုင်)၀၀၈၁၄၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြေ နှင့် အိမ်ရောင်းရန်ရှိသည်
(ပွဲစားမလို)
ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်

ဓာတ်ရောင်ခြည်စက် မန္တလေးဆေးရုံကြီးတွင် တပ်ဆင်

မန္တလေး ဖေဖော်ဝါရီ ၁

ကျပ်သန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဆွီဒင်နိုင်ငံလုပ် လီနီယာ (GMVB) အဏုမြူဓာတ်ရောင်ခြည်ပေးစက်ကြီးကို နိုင်ငံခြားသား ပညာရှင်များနှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အဏုမြူဓာတ်ရောင်ခြည်ကုဌာနတွင် တပ်ဆင်လျက်ရှိသည်။ အဆိုပါ အဏုမြူဓာတ်ရောင်ခြည်ပေးစက်ကြီးအတွက် အခန်းကို ခုနစ်ပေထုရှိ အမိုး၊ အကာ ကြမ်းခင်းများဖြင့် တည်ဆောက်ထားပြီး နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA)မှ ပညာရှင်များ သုံးကြိမ်တိုင်လာရောက်စစ်ဆေးချက်အရ အဏုမြူဓာတ်ရောင်ခြည်သင့်မှုမှ ကာကွယ်နိုင်ကြောင်း ထောက်ခံချက်ရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်သစ်ကြီးကို မတ်လတွင် စတင်အသုံးပြုနိုင်ရန် မျှော်မှန်းထားပြီး အဏုမြူဓာတ်ရောင်ခြည်ကုဌာနမှ ဆရာ ဆရာမများနှင့်အတတ်ပညာရှင်များအား အိန္ဒိယနိုင်ငံသို့ အသုတ်များခွဲပြီး သုံးလစီ စေလွှတ်၍ လုပ်ဆောင်မှုများကို လေ့လာနိုင်စေရန်လည်း စီစဉ်ထားရှိကြောင်း၊ ယခင်က အဏုမြူဓာတ်ရောင်ခြည်ကုဌာနတွင် ဂျာမနီနှင့် အမေရိကန်နိုင်ငံလုပ် စက်နှစ်လုံးနှင့် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာမှ ယခုစက်ကြီးပြီးစီးပါက အဏုမြူဓာတ်ရောင်ခြည်ပေး၍ ကုသရန် လိုအပ်သော ကင်ဆာရောဂါဝေဒနာရှင်များအား တိကျ၍ ထိရောက်သော ကုသမှုများ ပိုမိုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက ပြောသည်။

အောင်သူရ(မန္တလေး)

ကလေးမြို့တွင် ဆိုင်ကယ်နံပါတ် ၂၉ယ/... အထိ ရောက်ပြီ

ကလေး ဖေဖော်ဝါရီ ၁

၂၀၁၂ ခုနှစ် ဇွန်လမှစ၍ နိုဝင်ဘာလအထိ ဆိုင်ကယ်လိုင်စင်များကို One Stop Service ဖြင့် ပြုလုပ်ပေးခဲ့ရာ ကလေးမြို့ ကညနတွင် ဆိုင်ကယ်စီးရေ ၁၈၇၃၂စီး၊ သုံးဘီးဆိုင်ကယ် ၁၄၉ စီး၊ လျှပ်စစ်ဆိုင်ကယ် ခုနစ်စီးကို လိုင်စင်ထုတ်ပေးနိုင်ခဲ့သည်။ ဆိုင်ကယ်လိုင်စင်ပြုလုပ်စဉ်က ဖောင်းကြွနံပါတ်ပြားများကို တစ်ပါတည်းထုတ်ပေးနိုင်ခဲ့ခြင်းမရှိ၍ ဆိုင်ကယ်လိုင်စင် ပြုလုပ်သူများအနေဖြင့် မိမိ၏ဆိုင်ကယ်နံပါတ်ပြားများကို သင့်တော်သလို ပြုလုပ်ခဲ့ကြသည်။

ယခု ကလေးမြို့နယ် ကညနရုံးတွင် ဆိုင်ကယ်နံပါတ်ပြား ၂၉ယ/. . . အထိ ရောက်ရှိပြီးဖြစ်၍ မိမိတို့၏ ဆိုင်ကယ်နံပါတ်ပြားကို Owner Book နှင့် ဝိုးတက်ယူဆောင်လာ၍ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**

အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်း နှစ်ပတ်လည်စည်းဝေး

မန္တလေး ဖေဖော်ဝါရီ ၁

အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်း၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက ဗထူးဘောလုံးကွင်း အထူးတန်း၌ကျင်းပရာ အသင်းနာယက မြန်မာ့လက်ရွေးစင်ဟောင်း ဦးစိန်ဝင်းကြီး(အကောက်ခွန်)နှင့် ဂြိုဟ်တုညွန့်မောင်တို့က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက အသင်း၏ ဆောင်ရွက်မှုများကို ပြောကြားကာ ဘဏ္ဍာရေးမှူး ဦးစိုးစိုးက ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အသင်းဝင်များက အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အတွင်းရေးမှူး ဦးကျော်သန်းအပါအဝင် အမှုဆောင်အဖွဲ့ဝင် ၁၄ ဦးတို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

စာပေမြင့်မှ လူမျိုးတင့်မည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပုဂံညောင်ဦးမြို့ အာနန္ဒာမြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ညောင်ဦး ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လောင်းလှူပူဇော်ပွဲကို ဇန်နဝါရီ ၂၆ ရက် (ပြာသိုလပြည့်နေ့) နံနက် ၈ နာရီက အာနန္ဒာမြတ်စွာဘုရားရင်ပြင်တော်၌ ကျင်းပရာ ညောင်ဦးမြို့ မြစည်းခုံကျောင်း ဆရာတော်ဘဒ္ဒန္တသုဇာတနှင့် နတ္တောင့်ကျောင်းဆရာတော် ဦးသံဝရတို့အမှူးပြုသော ပုဂံညောင်ဦးမြို့နယ်မှ ပင့်သံဃာတော်အပါး ၁၅၀ နှင့် အနယ်နယ်အရပ်ရပ်မှ အာဂန္တု သံဃာတော်အပါး ၁၀၅၀ တို့ ကြွရောက်တော်မူပြီး ဂေါပကအဖွဲ့မှ ဥက္ကဋ္ဌ ဦးအေးနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆွမ်းသပိတ်၊ ဆွမ်းချိုင့်အပါအဝင် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူပူဇော်ကြသည်။

သီဟကျော်(ပုဂံ)

ကျွန်းလှ အထက၌ ရေသန့်စက်တပ်ဆင်၊ သောက်သုံးရေဖူလုံစွာရရှိ

ကျွန်းလှ ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ရေသန့်စက်တပ်ဆင်ပြီးစီးကြောင်း သိရသည်။

အဆိုပါ လီတာ ၂၀၀၀ ရေသန့်စက်ကို ငွေကျပ် သိန်း ၃၀ ဖြင့် တပ်ဆင်ပြီးစီးကြောင်း ကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ထံမှ သိရသည်။

ထိုသို့ ရေသန့်စက်တပ်ဆင်ပြီးစီးသည့်အတွက် စာသင်ခန်းတိုင်းတွင် လီတာ ၂၀ ရေသန့်ဘူးကြီး တစ်ဘူးစီထားရှိပေးပြီး ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေသန့်များကို အချိန်ပြည့် သုံးစွဲနိုင်ပြီဖြစ်ကြောင်း ကျောင်းသား ကျောင်းသူများထံမှ သိရသည်။ **မျိုးဝင်းညို**

မန္တလေး-လားရှိုးပြေးဆွဲနေသော ရထားတွင် အထက်တန်းတွဲများ ချိတ်ဆက်ပြေးဆွဲပေးလျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁

မြန်မာ့မီးရထားအနေဖြင့် မန္တလေး-လားရှိုးလမ်းပိုင်းတွင် အမှတ် ၁၃၁ အဆန်၊ အမှတ် ၁၃၂ အစုန်ရထားကို နေ့စဉ်ပြေးဆွဲလျက်ရှိရာ ရိုးရိုးတန်းတွဲ၊ အထက်တန်းတွဲနှင့် ပထမတန်းတွဲများ ချိတ်ဆက်ပြေးဆွဲလျက်ရှိပြီး ဒီဇင်ဘာလကုန်ခန့်က အထက်တန်းတွဲတစ်တွဲ ဘရိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် ဖြုတ်ထားခဲ့ရသော်လည်း နောက်ရက်များမှာပင် ပထမတန်းတွဲများ အစားထိုးပြေးဆွဲခဲ့ပြီး ယာယီပျက်၍ ဘရိတ်ပိုင်းဆိုင်ရာချွတ်ယွင်းသော အထက်တန်းတွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ပြန်လည်ချိတ်ဆက် ပြေးဆွဲလျက်ရှိသည်။

မန္တလေး-လားရှိုး လမ်းပိုင်းတွင် ဘူတာ ၂၇ ဘူတာရှိပြီး အဆိုပါရထားသည် ဘူတာကြီးများတွင် ရပ်တန့်ပေးပြီး နေ့စဉ် စုန်/ဆန် ခရီးသည် ၆၀၀ခန့်သယ်ဆောင်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် တစ်နေ့တည်းမှာပင် အမှတ် ၁၃၁ အဆန်ရထား၌ နိုင်ငံခြားသား ၃၀ နှင့် နိုင်ငံသားခရီးသည် ၂၅၀ ခန့် စီးနင်းလိုက်ပါကြောင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများသည် နိုင်ငံသား ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသား ခရီးသည်များအား နေ့စဉ် စုန်/ဆန် သယ်ပို့ပေးနိုင်ရေးအတွက် ပြည်သူ့ရထားကြီးအဖြစ် ဖော်ဆောင် ကြိုးစားဆောင်ရွက်နေကြကြောင်း သိရှိရသည်။ **ကျော်ထူး**

မန္တလေး-လားရှိုး ပြေးဆွဲသော အမှတ် ၁၃၁ အဆန်ရထား ဂုတ်ထိပ်တံတားပေါ်မှ ဖြတ်သန်းနေစဉ်။

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

အင်းတော် ဖေဖော်ဝါရီ ၁

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မြသီတာကျေးရွာအုပ်စု သီလကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိမောင်၊ ကသာမြို့မှ စမ်းဦး(ကသာ)၊ အင်းတော်မှ ဦးတင်ရွှေ (ဖွဲ့မြင့်နိုင်-အင်းတော်)၊ စာရေးဆရာမ ဒေါ်နန်းညွန့်ခင်(မစပယ်-ကသာ)တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့နောက် သီလကျေးရွာအတွက် စာအုပ်စာစောင်၊ ဂျာနယ်များကို လှူဒါန်းခဲ့ကြသည်။

ကျော်သီဟ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

စစ်ကိုင်းမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃

၁။ ဦးစိုးတင့်	**နှင့်**	၁။ ဦးမျိုးထွန်း
၂။ ဦးအောင်အောင်		၂။ ဒေါ်သန်းသန်းမြင့်
တရားလိုများ		**တရားပြိုင်များ**

၁။ ဦးမျိုးထွန်း(ဘ)ဦးစောမောင်၊ မြတ်ရွှေရည်ရွှေဆိုင်နှင့် ရွှေပန်းထိမ်၊ ပန်းဘဲတန်းရပ်ကွက်၊ စစ်ကိုင်းမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုးတင့်နှင့် ဦးအောင်အောင်တို့က တရားပြိုင်များထံ အပ်နှံထားငွေ ၉၅၀၀၀၀ဝ/-ကျပ်(ကိုးဆယ့်ငါးသိန်း)အား ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ (ခင်ပြုံးရီ)

မြို့နယ်တရားသူကြီး

စစ်ကိုင်းမြို့နယ်တရားရုံး

ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့အတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

ဈေးနှုန်းတင်သွင်းပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၇-၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး

ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့

ဖုန်း-၀၈၂-၂၂၉၄၇၊ ၀၈၂-၃၀၃၇၁

မြစ်ကြီးနားမြို့၊ အထက(၅) ပထမအကြိမ်အာစရိယပူဇော်ပွဲ

မြစ်ကြီးနားမြို့ (ယခင်စိန်ပေါလ်)၊ အမှတ် (၂) အလယ်တန်းကျောင်း၊ ယခုအထက(၅)ကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ဆုတောင်းပွဲကို ၃၀-၃-၂၀၁၃ရက် နံနက် ၉ နာရီတွင် အထက (၅)ကျောင်း အင်ဂျန်းခန်းမ၌ ကျင်းပပြုလုပ်ပါမည်။ အထက်ပါကျောင်းတော်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မကျန်စေရအောင် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ မည်သူမဆိုတက်ရောက်ကြပါရန်နှင့် အောက်ပါကျောင်းသားကျောင်းသူဟောင်းများထံတွင် အလှူငွေများကို စိတ်အားထက်သန်စွာ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်-

ကျောင်းအုပ်ဆရာကြီးဦးမြင့်စိုး	ဖုန်း-၀၉-၄၇၀၀၁၂၀၈၊ ၀၇၄-၂၂၄၆၅
ဆရာဦးတိန့်ယိန်း (မြစ်ကြီးနားတက္ကသိုလ်)	ဖုန်း-၀၉-၄၃၀၂၂၃၉၁
ဆရာဦးဘောမ်လန်း (တပ်ကုန်းရပ်ကွက်)	ဖုန်း-၀၉-၄၃၁၁၈၆၄၁
ဆရာဦးမိထွယ်ဇော်လတ် (စီတာပူရပ်ကွက်)	ဖုန်း-၀၉-၄၇၀၁၉၉၃၈
ဆရာဦးဒဂေါင်နော်ရမ် (စီတာပူရပ်ကွက်)	ဖုန်း-၀၉-၄၀၀၀၃၇၈၃၈
ဆရာဦးတန်စွန် (တပ်ကုန်းရပ်ကွက်)	ဖုန်း-၀၉-၄၇၀၃၄၃၄၈
ဆရာဦးထွယ်နော် (ထွယ်ဆန်)	ဖုန်း-၀၉-၄၃၀၂၂၃၈၄
ဆရာမဒေါ်ခေါ်ညွယ် (စံပြ)	ဖုန်း-၀၉-၄၀၀၀၂၃၂၈၃
ဦးဘွေလပ်တိန့်ယိန်း (အထက်တန်းရှေ့နေ)	ဖုန်း-၀၉-၄၀၀၀၂၂၆၈၀

ကြော်ငြာ

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း
မန်းရွှေစက်တော် (ပွင့်ပွဲ) Feb 13(45000)
အပတ်စဉ်သောကြာ (၃)ည(၄)ရက် (စရိတ်ငြိမ်း)
09-73040050,09-73040051,09-73040052

အသစ်ဖွင့်လှစ်မည့် Beauty Salon, KTV, Restaurant & Internet Cafe တွင်

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းဧည့်သာခန့်ထားရန်)

(စရိတ်ငြိမ်း။ စားဝတ်နေရေးတာဝန်ယူပေးမည်)

၁။	Assistant Manager	မ (၂)ဦး
၂။	Supervisor	မ (၂)ဦး
၃။	စာရင်းကိုင်	မ (၂)ဦး
၄။	စားဖိုမှူး	ကျား/မ (၂)ဦး
၅။	လက်ထောက်စားဖိုမှူး	ကျား/မ (၂)ဦး
၆။	ဓားကိုင်/စားဖိုမှူးအကူ	ကျား/မ (၂)ဦး
၇။	Waiter	ကျား (၃)ဦး
၈။	လုံခြုံရေးဝန်ထမ်း	ကျား (၂)ဦး
၉။	သန့်ရှင်းရေး	ကျား/မ (၁)ဦး
၁၀။	ဆံပင်ညှပ် ဘာသာစုံကျွမ်းကျင်	မ (၂)ဦး
၁၁။	လျှော်/သစ်	မ (၅)ဦး
၁၂။	အလုပ်သင်ဝန်ထမ်း	မ (၅)ဦး
၁၃။	အဆိုရှင်	မ (၅)ဦး

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။ ကော်မရှင်ပေးမည်။ ကြိုးစားမှုအလျောက် Bonus ပေးမည်။ မှတ်ပုံတင်မူရင်းနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကို ယူဆောင်၍ လာရောက်လျှောက်ထားနိုင်ပါသည်။ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးခန့်ထားမည်။

အမှတ်(၄၂၉)၊ ကုန်သည်လမ်း၊ သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း - 385848, 09 73058699

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ လူနေရပ်ကွက်အမှတ် S-၈၉၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ၊ မြေကွက်အမှတ် ၂၂၀၊ အကျယ်အဝန်း (၂၅×၅၅)ပေ၊ ဧရိယာ ၀ ဒသမ ၀၃၂ ဧက၊ နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အိမ်အမှတ် ၄၅ဟုခေါ်တွင်သောအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဒေါ်အေးအေးသက် ၁၄/လပတ(နိုင်)၀၆၅၆၂၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ မည်သူမဆိုကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းပိုင်ဆိုင်မှုအထောက်အထားများဖြင့် အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

ဦးမျိုးဆက် ၁၂/ကမတ(နိုင်)၀၀၁၄၈၆
အမှတ် ၅၇၈၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၀၅၈၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၁၇၄၉ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးစိုးမောင်အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးကိုကြီးက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ခိုင် ၈/ရစတ(နိုင်)၀၄၃၀၁၉
အမှတ် (၁၅/၁၇၄၉)၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ် ပ-၄၅၀၄၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဖိုးပိန်(ဘ)ဦးရေး အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးဖိုးပိန်(ဘ)ဦးရေးက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးချိုချို(ခ)ဦးညိုမင်း ၉/ပမန(နိုင်)၀၀၂၈၆၀
အမှတ် (၂/၃၄)၊ ၈လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၂၂၄၀

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် အသုံးပြုရန် Hp Note Book ခုနစ်လုံး၊ Sony Note Book ခုနစ်လုံးနှင့် Server Rack Encloser တစ်လုံးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။	**တင်ဒါပုံစံထုတ်ယူရမည့်ရက်** -	၄-၂-၂၀၁၃ရက်မှ ၆-၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။	**တင်ဒါပုံစံထုတ်ယူရမည့်နေရာ** -	အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
၄။	**တင်ဒါတင်သွင်းရမည့်ရက်** -	၈-၂-၂၀၁၃ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်သည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၁-၃၇၀၇၇၈၊ ၀၁-၃၉၅၂၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနခရိုင်၊ မြို့နယ်ဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးဝါးကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ သက်ဆိုင်ရာလိုင်စင်ရကုမ္ပဏီများထံမှ တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ကရင်ပြည်နယ်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၂၂၄၈၊ ၀၅၈-၂၁၂၃၆ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့)
၄။ အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၁၅-၂-၂၀၁၃ရက် (သောကြာနေ့)တွင် ဆောင်ရွက်သွားပါမည်။
၅။ တင်ဒါလျှောက်လွှာပုံစံများကို ကရင်ပြည်နယ်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်စည်းဝေးပွဲ၊ နိုင်ငံတော်အဆင့်ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ယင်းအခမ်းအနား၌ ၂၀၁၂ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူများသည် ဖေဖော်ဝါရီ ၈ ရက် နောက်ဆုံးထား၍ အထောက်အထားများနှင့်တကွ အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်စာရင်းပေး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၀၁၀၉၆၊ ၀၁-၅၂၆၀၀၆၊ ၆၅၅၆၅၇

အမြန်ဆက်သွယ်ပေးရန်

သား အောင်မြတ်ကျော် ၁၂/ဆကခ(နိုင်)၀၁၁၆၇၇ နှစ်ဖက်မိဘများ ညှိနှိုင်းအဆင်ပြေပြီဖြစ်၍ အမြန်ဆက်သွယ်ပေးရန်၊ သားတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးမည်။

ဖေဖေ-မေမေ

အမြန်ရောင်းမည်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃လမ်း၊ ပေ(၂၅×၅၅)၊ ခုနစ်လွှာ
၂။ လေဆိပ်ရိပ်သာလမ်းသွယ် ၃လမ်း၊ ပေ (၄၀×၆၇)၊ ထောင့်ကွက်ခြံဝင်းခတ်ပြီး၊ မြေသီးသန့်
၃။ ဘုရင့်နောင်ပွဲရုံတန်း၊ ကျွန်းရွှေမြိုင်ပတ်လမ်း၊ ပေ(၂၀×၆၀) သုံးထပ်တိုက်သစ်၊ ဂရန်မြေပါ
၄။ ရွှေပြည်သာ၊ ထန်းခြောက်ပင်လမ်းမတန်း၊ ပေ(၂၀×၆၀)ထောင့်ကွက်(ပါမစ်မြေ)

ဖုန်း-၀၉-၇၃၁၈၇၂၈၀၊ ၀၉-၅၀၃၆၆၆၄၊ ၀၉-၄၄၈၀၀၆၂၆၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၃၇၀၊ မြေကွက်တည်နေရာအမှတ် ၃၇၀၊ မဟာသီရိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဉာဏ်ရှိန် YNG-၀၀၇၄၈၁ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဉာဏ်ရှိန် ကွယ်လွန်သဖြင့် ဒေါ်ခင်နွဲ့ယဉ် ၁၂/သဃက(နိုင်)၀၀၈၄၄၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်ကျော် [၁၁/ပတန(နိုင်)၀၅၃၃၆၈] နှင့် ဦးအထွန်းချေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် ၄၇၈၊ မြေကွက်တည်နေရာအမှတ် ၄၇၈၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမောင်လတ် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်လတ်နှင့် ဇနီးဒေါ်ခင်မြင့် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းညွန့် ၁၂/ဥကတ(နိုင်)၀၂၀၃၄၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ချင်းတွင်းအသင်း (ရန်ကုန်)
နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး အသက် (၈၀)နှင့်အထက် နာယကကြီးများ၊ အသင်းဝင်ဘိုးဘွားများ ပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ အနုတ္တရောပုရိသဓမ္မသာရထိ (ချင်းတွင်းအသင်းဓမ္မာရုံ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ချင်းတွင်းနယ်သားများ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။ အသက်(၈၀)နှင့်အထက် အသင်းဝင်ဘိုးဘွားများ၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင်မြင်ကြသော ရန်ကုန်ရှိအသင်းဝင်များ၏ သားသမီးများသည် ၈-၂-၂၀၁၃ ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌဦးအောင်ဝင်း ဖုန်း-၀၉-၄၂၁၀၃၀၀၃၄၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလွင် ဖုန်း-၀၁-၅၆၃၁၃၄၊ အတွင်းရေးမှူး ဦးဇော်ဝိတ် ဖုန်း-၀၉-၅၁၄၃၄၃၇၊ ဒေါ်မေစန်းတင် ဖုန်း-၀၁-၂၄၆၂၃၁၊ ဦးဝင်းငွေ ဖုန်း-၀၉-၅၁၀၄၀၁၃၊ ဦးညွန့်ဝေ ဖုန်း-၀၁-၅၃၅၆၃၆ တို့သို့ လိုအပ်သောအထောက်အထားများဖြင့် ဆက်သွယ်အကြောင်းကြားပါရန်။

အမှုဆောင်အဖွဲ့

အလက(၄) ကျောင်းခွဲ၊ မင်္ဂလာဒုံ (ယခင် ၅၀၂ လေတပ်)
အငြိမ်းစား ဆရာ/ဆရာမ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အရှင်ကုသလာနန္ဒ (ဆရာဦးကျော်စိုး)နှင့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ စုပေါင်း၍ အငြိမ်းစား ဆရာ/ဆရာမ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

အစီအစဉ်
နေ့ရက် - ၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၂ ရက် (၁၂-၂-၂၀၁၃ ရက်) ပြည်ထောင်စုနေ့
အချိန် - နံနက် ၈:၃၀နာရီတိတိ
နေရာ - အနန်းပင်ရပ်ကွက်၊ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ
ဆက်သွယ်ရန် - ကိုဇော်နိုင်ထွေး ဖုန်း-၀၉-၅၀၉၀၉၂၇၊ ကိုလင်းရောင်တင် ဖုန်း-၀၉-၄၂၀၁၆၉၅၁၁၊ ကိုနန္ဒထွန်း ဖုန်း-၀၉-၄၃၂၀၅၀၀၇၊ မယင်းမာလှိုင် ဖုန်း-၀၉-၇၃၁၄၀၉၇၈၊ ကိုမျိုးသိန်း ဖုန်း-၀၉-၄၂၀၀၄၃၃၉၀၊ မယဉ်မျိုးစု ဖုန်း-၀၉-၄၂၁၁၁၀၁၀၇

မြန်မာပူးပေါင်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်
Myanmar Pu Paung Services Co., Ltd.
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာပူးပေါင်းဝန်ဆောင်မှုကုမ္ပဏီလီမိတက် (Myanmar Pu Paung Services Co.,Ltd.)အား ၂၈-၁-၂၀၁၂ ရက်မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သီတာအေး (B.Com, C.P.A)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန္တာရီ	**ဒေါ်သီတာအေး**
မန်နေဂျင်းဒါရိုက်တာ	**B.Com, C.P.A Earnest YTK Services Co.,Ltd.**
မြန်မာပူးပေါင်း	**တိုက် ၈၊ အခန်း ၇၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊**
ဝန်ဆောင်မှုကုမ္ပဏီလီမိတက်	**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ၇/ခ/၄၊ ဧရိယာ ၀ဒသမ၂၆၈ဧက၊ မြေပိုင်မြေအမျိုးအစားမြေပေါ်ရှိ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ် ၆၇၀ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးကွာချင်တောင်(ခ)မောင်စံနီ B.RGN-၀၁၁၈၉၈မှ အမည်ပေါက်လျက်ရှိပြီး ၎င်း၏မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၅၆၁/၂၀၁၁(၁-၃-၂၀၁၁)ရရှိသူ ဦးခင်မောင်လတ် ၁၂/ကတတ(နိုင်)၀၂၂၃၆ က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဥ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

၁၉-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)တွင် ပါရှိသော ကြော်ငြာနှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးပြည့်စုံ LL.B နှင့် ဒေါ်ကေသီဦး ၁၂/ရကန(နိုင်)၀၁၄၇၅၄ သိစေရန်

အထက်ဖော်ပြပါ မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးပြည့်စုံ LL.B မှတစ်ဆင့် ထည့်သွင်းကြေညာချက်မှာ မှန်ကန်မှုမရှိပါ။ အဆိုပါပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ တိုက်အမှတ် ၃၆၅/၃၆၇ (သုံးလွှာ)၊ တိုက်ခန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာ၊ အခန်းအမှတ် (၄/စီ-၁)တိုက်ခန်း၊ ဒေါ်ကေသီဦးအမည်ဖြင့် လက်ဝယ်ထားရှိသော တိုက်အမှတ် (၂၁၂/စီ)၊ အခန်းအမှတ် ၀၀၄၊ ရွှေဂုံတိုင်တာဝါရှိ တိုက်ခန်းများသည် ဒေါ်ကြည်ဟန်၏သားသမီးများဖြစ်ကြသော ဦးကျော်နိုင်ဦးနှင့် ဦးသိန်းဇော်ဦး(ကွယ်လွန်) ညီအစ်ကိုနှစ်ဦးက လွန်ခဲ့သော ၁၉၉၂ခုနှစ်ခန့်ကတည်းက ပြည်ပနိုင်ငံသို့သွားရောက်ပြီး စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာမှ ဖြစ်ထွန်းပေါ်ပေါက်လာသော အကျိုးစီးပွားပစ္စည်းများဖြစ်ပါသည်။ အမွေပုံပစ္စည်းများမဟုတ်ပါ။ ၆-၄-၂၀၁၂ရက်စွဲပါ မိခင်ဒေါ်ကြည်ဟန် အမွေခွဲဝေပေးကြောင်းစာချုပ်သည် မိခင်ကြီး စိတ်ချမ်းသာစေရန်ရည်ရွယ်၍ ဦးကျော်နိုင်ဦးက လက်မှတ်ရေးထိုးပေးခဲ့ခြင်းသာဖြစ်ပြီး ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မဟုတ်သောကြောင့် ချုပ်ဆိုစဉ်ကတည်းကပင် ပျက်ပြယ်နေသည့်စာချုပ်ဖြစ်ပါသည်။ ဦးကျော်နိုင်ဦးမိသားစုသည် ရန်ကင်းစင်တာအခန်း၌ ယင်းစာချုပ်မတိုင်မီကတည်းက မိခင်ကြီးနှင့်အတူ ယနေ့တိုင် လက်ရှိနေထိုင်လျက်ရှိပြီး ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၆၅/၃၆၇ (သုံးလွှာ)၊ တိုက်ခန်းသည် IMEX (Myanmar) ကုမ္ပဏီလီမိတက်၏ ရုံးလုပ်ငန်းတည်ရာအခန်းအဖြစ်အသုံးပြုနေသော မိသားစုပိုင် မခွဲဝေရသေးသည့်တိုက်ခန်းဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းစိုး(ထွန်း)	**ဒေါ်မူယာ**	**ဦးကျော်မြင့်**
B.A (Eco), H.G.P, R.L, D.B.L	**LL.B, Dip: in Business Law**	**B.A, H.G.P, R.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၁၅၈/ဘီ) သုံးလွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

FAME **Echinacold®**
For acute respiratory tract infection
အအေးမိတုပ်ကွေးရောဂါကုဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007347 (1213)
၂/၂၀၀၂ တဆထလ/တိုး(၈၆၅၇)

မလိုအပ်သော သွေးထဲမှအဆီများ အသားထဲမှအဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည့်
ကေသီဝန်
မြတ်သုခ အဆီကျဆေး
အမှတ်တံဆိပ်
ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး
☎-01-510617, 510367
TMR 008397 (0314)

2-2 (16).pmd 1 2/2/2013, 12:09 AM

ကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ (Euro)တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
(က)	၆၆/မမ(CME)(MIT)(Kyat)	သုတ်ဆေးရောင်စုံ(3425)Galနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူရန် (27)Items
(ခ)	၆၇/မမ(S&T)(Kyat)	ဟသ်ာတနယ်မြေရှိ ဘူတာ(၁၅)ဘူတာအတွက်အချက်ပြလုပ်ငန်းသုံးပစ္စည်း(၅)မျိုးနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်နှင့်အဆိုပါဘူတာများတွင် မြေကြီးတူး၍ ကြိုးချသည့်လုပ်ငန်း၊အချက်ပြတိုင်များတပ်ဆင်ခြင်း၊ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊
(ဂ)	၆၈/မမ(CME)(MIT)(Kyat)	Coil Spring(13)Items ဝယ်ယူရန်
(ဃ)	12(T)29/MR/MC(Euro)	Taper & Roller Bearing(3)Items,Axle Steel (250)Nos ဝယ်ယူရန်

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က) - ၁၁.၂.၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ
- အမှတ်စဉ်(ခ) - ၂၂.၂.၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ
- အမှတ်စဉ်(ဂ)(ဃ) - ၈.၃.၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၄.၂.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291985,291994.

ဖခင်အမည်မှန်

မိုင်းဆတ် အထက၊ အဋ္ဌမတန်း(ခ)မှ မနန်းအေးခမ်း၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ၈/စလန(နိုင်)၀၈၃၀၈၁ဖြစ်ပါကြောင်း။

ဦးအေးမင်း ၈/စလန(နိုင်)၀၈၃၀၈၁

မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့နေ ဦးရှူးကော်ကျင်(ခ) ကျော်မြင့် ၁၃/လရန(နိုင်)၁၀၅၁၄၈၏ သမီး မဖြူဖြူဝင်း(ခ)အေးလွန်းလူ၏မွေးသက္ကရာဇ် အမှန်မှာ ၁၁-၉-၁၉၉၆ဖြစ်ပါကြောင်း။

အမည်ပြောင်း

ကျေးသီးမြို့၊ အထကမှ တတိယတန်းကျောင်းသူ နန်းဖောင်းဟွမ်အား နန်းစိမ်းမွေစင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပြည်တွင်း၌သာခန့်ထားရန်

Star Way Co.,Ltd.၏ နိုင်ငံတကာအဆင့်မြင့်(FMCG)ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချမှုအား တက်ကြွဖျတ်လတ် ကြိုးစားအားထုတ်သော အောက်ဖော်ပြပါဝန်ထမ်းများ လာရောက်လျှောက်ထားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံ(အောက်ပိုင်း)တွင်ခန့်ထားရန်

(က) ရန်ကုန်(ရုံးချုပ်)တွင်ခန့်ထားရန်

(1)	National Sales Manager	ကျား/မ	(၁)ဦး
(2)	Area Sales Manager	ကျား/မ	(၁)ဦး
(3)	Assistant Area Sales Manager	ကျား/မ	(၂)ဦး
(4)	Sales Executive	ကျား	(၂)ဦး
(5)	Supervisor	ကျား	(၅)ဦး
(6)	Senior Sales Representative	ကျား	(၁၀)ဦး
(7)	Sales Representative	ကျား	(၃၀)ဦး
(8)	Driver	ကျား	(၆)ဦး
(9)	Admin Manager	ကျား/မ	(၁)ဦး
(10)	Assistant Accountant	ကျား/မ	(၃)ဦး
(11)	Auditor	ကျား/မ	(၂)ဦး

လျှောက်ထားရမည့်လိပ်စာ - အမှတ်(၃၁)၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၀၀၀၄

(ခ) မော်လမြိုင်(ရုံးခွဲ)တွင်ခန့်ထားရန်

(1)	Supervisor	ကျား	(၁)ဦး
(2)	Senior Sales Representative	ကျား	(၂)ဦး
(3)	Sales Representative	ကျား	(၅)ဦး
(4)	Assistant Accountant	ကျား/မ	(၁)ဦး

လျှောက်ထားရမည့်လိပ်စာ -အမှတ်(၁၅၀)၊ ကျိုက္ခမီလမ်း၊ ဈေးချို၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၇၈၅၈၊

(ဂ) ထားဝယ်(ရုံးခွဲ)တွင်ခန့်ထားရန်

(1)	Senior Sales Representative	ကျား	(၂)ဦး
(2)	Sales Representative	ကျား	(၂)ဦး
(3)	Assistant Accountant	ကျား	(၁)ဦး

(ဒေသခံများကို ဦးစားပေးမည်၊)

လျှောက်ထားရမည့်လိပ်စာ -အမှတ်(၁၅၀)၊ ကျိုက္ခမီလမ်း၊ ဈေးချို၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၇၈၅၈၊

(ဃ) ပုသိမ်(ရုံးခွဲ)တွင်ခန့်ထားရန်

(1)	Sales Representative	ကျား	(၇)ဦး
(2)	Assistant Accountant	ကျား/မ	(၁)ဦး

လျှောက်ထားရမည့်လိပ်စာ - အမှတ်(၇၇)၊ ရွှေဝတ်မှုန်အိမ်ရာ၊ ရွှေဝတ်မှုန်ရပ်ကွက်၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၅၆၇၂

(င) ပြည်မြို့(ရုံးခွဲ)တွင်ခန့်ထားရန်

(1)	Senior Sales Representative	ကျား	(၃)ဦး
(2)	Sales Representative	ကျား	(၁၂)ဦး
(3)	Assistant Accountant	ကျား/မ	(၁)ဦး

လျှောက်ထားရမည့်လိပ်စာ - အမှတ်(၅/၈၀)၊ ရတနာလမ်း၊ နဝင်းကွက်သစ်၊ ပြည်မြို့၊ ဖုန်း-၀၅၃-၂၅၈၁၉

(စ) စစ်တွေမြို့(ရုံးခွဲ)တွင်ခန့်ထားရန်

(1)	Supervisor	ကျား	(၁)ဦး
(2)	Senior Sales Representative	ကျား	(၁)ဦး
(3)	Sales Representative	ကျား	(၁)ဦး

(ဒေသခံများကို ဦးစားပေးမည်၊)

